

မြသန်းတင့်
မြန်မာပြန်သည်။

# မော်တော်ကားတစ်စင်း၏ အတ္ထုပ္ပတ္တိ

ဆယ့်ငါးလ ကြာသွားသည် ။ ပါရီတွင် မူ အရာရာသည် ပြောင်းနေသည် ။ ဝန်ကြီးများ ၊ အဝတ် အစားများ ၊ အကများ သည် ပြောင်းနေကြသည် ။ မည်သူမှ မွန်စီယာဆေးလော့အကြောင်းကို မပြောကြ။ နိုင်ငံရေးသမားများမှာ အထက်လွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရေးအတွက် အလုပ် များ နေကြသည် ။ ဝေလမင်းသားမှာ မြင်းစီးကျင့်ရင်း မြင်းပေါ်မှ လိမ့်ကျသည် ။ မာသူရင် ဇာတ်ရုံတွင် 'အပြစ်မရှိသော ဒုစရိုက်သမား' ဇာတ်ထုပ်ကို ကပြနေသည် ။ မာရှေး ကုန်ပဒေသာတိုက်ကြီးက ဆောင်းရာသီ လျှော့ဈေး ကြော်ငြာနေသည် ။

## မြန်မာပြန်သူ၏ အမှာ

ယနေ့ ကျွန်တော်တို့ ဆီတွင် 'ဝတ္ထုမဟုတ်သော ဝတ္ထု' ဆိုသည့် စာပေပုံသဏ္ဍာန်တစ်မျိုး အကြောင်းကို ပြောနေကြသည် ။ အင်္ဂလိပ်လိုတော့ Non-fiction Fiction ဟု ခေါ်ကြသည် ။ Non- fiction Novel ဟုလည်း ခေါ်ကြသည် ။ ဇာတ်လမ်းရယ်လို့ မရှိ၊ ဇာတ်ကွက်ရယ်လို့ လည်းမရှိ။ 'ဝတ္ထုမဟုတ်သော ဝတ္ထု' ၏ အဓိက လက္ခဏာချက်မှာ စိတ်ကူးကိုအခြေမခံဘဲ အချက်အလက်ကို အခြေခံထားခြင်းပင် ဖြစ်သည် ။ ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းတွင် ခေတ်စားလာသည့် အမေရိကန်စာ ရေးဆရာ ထရူးမင်းကပေါ့၏ 'In Cold Blood' ဆိုသည့်ဝတ္ထုနှင့် အီး၊ အယ်လ် ဒေါက်တရိုး၏ 'Ragtime' ဝတ္ထုတို့ မှာ 'ဝတ္ထုမဟုတ်သော ဝတ္ထု'များ ဖြစ်သည် ဟု ဆိုကြသည် ။

သို့ရာတွင် စာပေသမိုင်းဆရာတို့ အဆိုအရ ကမ္ဘာတွင် ပထမဆုံးပေါ် ပေါက်ခဲ့သော ‘ဝတ္ထု မဟုတ်သော ဝတ္ထု’၏ နမူနာမှာ ယခု ဖော်ပြမည့် ‘ မော်တော်ကားတစ်စီး၏ အတ္ထုပ္ပတ္တိ’ဆိုသော ဝတ္ထုဖြစ်သည် ဟု ဆိုသည် ။

စာရေးဆရာမှာ ဆိုဗီယက် စာရေးဆရာ အီလျာအာရင်ဘတ် ဖြစ်ပြီး ထိုဝတ္ထုကို ၁၉၂၉ ခုနှစ် တွင် ရေးသားထုတ်ဝေခဲ့ရာ ယခုဆိုလျှင် အနှစ် ၆၀ ကျော်သွားလေပြီ။

ဝတ္ထုမဟုတ်သော ဝတ္ထု၊ သို့မဟုတ် ဇာတ်လမ်းမပါသော ဝတ္ထုကို ဖော်ပြပါသည် ။

စာရေးဆရာ အာရင်ဘတ်က ထိုစာအုပ် အမှာ တွင် ဤသို့ ရေးထားသည် ။

‘ဤစာအုပ်သည် ဝတ္ထုတစ်ပုဒ် မဟုတ်ပါ။ ကျွန်တော်တို့ ခေတ်၏ မှတ်တမ်းတစ်စောင်ဖြစ်ပါ သည် ။ ဝတ္ထုထဲတွင် ပါသည့် ဇာတ်ဆောင်များသည် စိတ်ကူးဖြင့် ဖန်တီးထားသော ဇာတ်ဆောင်များ မဟုတ်ပါ။ သို့ရာတွင် ဇာတ်ဆောင်များ ၏ လှုပ်ရှားမှုများမှာ ကား ထိုဇာတ်ဆောင်များ၏ တရားဝင် မှတ်တမ်း၊ ပြောဆိုချက်များကို အခြေပြုခြင်းမဟုတ်ဘဲ စာရေးသူ၏ စိတ်ကူးဖြင့် တင်ပြထားခြင်း ဖြစ်ပါသည် ။

‘အချို့နေရာများ တွင် ဇာတ်ဆောင်အချို့၏ တကယ့်နာမည်များကို ပြောင်းလဲရန် လိုအပ်သည် ဟု ယူဆပါသည် ။ ယင်းမှာ လည်း စာဖတ်သူအများ နှင့် သက်ဆိုင်ခြင်းမရှိသော လူအချို့၏ နာမည်များကို ပြောင်းလဲထားခြင်းသာ ဖြစ်ပါသည် ။

‘စတော့ဈေးကွက်’ ဟု ခေါင်းစဉ်တပ်ထားသော အခန်းနှင့် ‘လမ်းများ ’ ဟု ခေါင်းစဉ်တပ် ထားသည့် အခန်းများ တွင် အချို့သော

အချက်အလက်အသေးစိတ်များကို ရှေ့နောက်အစီအစဉ် ပြောင်းထားပါသည် ။ အချို့သော ပုဂ္ဂိုလ်များ ၊ အဖြစ်အပျက်များကို တစ်ခုတည်းအဖြစ် ရောထားပါ သည် ။ အခြားသောအခန်းများ တွင် မှု ရရှိသော ကုန်ကြမ်းအချက်အလက်များကို အခြေပြုထားခြင်း ဖြစ်ပါသည် ။ ထိုအထဲတွင် သတင်းစာပါသတင်းများ ၊ အစည်းအဝေးမှတ်တမ်းများ ၊ တရားရုံးမှတ်တမ်းများ ၊ ပေးစာများ နှင့် စာရေးသူကိုယ်တွေ့မျက်မြင်များကို အခြေပြုထားပါသည် ။’

* * *

# မော်တော်ကားတစ်စီး မွေးဖွားခြင်း
# (၁)

အစတုန်းက ချားလ်စ်ဘားနဒ်သည် စီးကရက်စက္ကူ အရောင်းအဝယ်လုပ်သည် ။ နောက်တော့ ဆိုင်ကလေးကို ရောင်းပစ်လိုက်ပြီး ထိုင်စားနေသည် ။ သူသည် လိပ်တစ်ကောင်လို နှေးကွေးစွာ ဉာဏ်အမြော်အမြင်ရှိစွာ နေသည် ။ 'သဘာဝ ပြက္ခဒိန် ပေါင်းချုပ်ကျမ်း' ကို သူ ဖတ်သည် ။

ပြက္ခဒိန်ပေါင်းချုပ်ကျမ်း၌ မည်သည့် တိမ်သည် မိုး၏ ရှေ့ပြေးနိမိတ်ဖြစ်ကြောင်း၊ မည်သည့် လေသည် မိုး၏ ရှေ့ပြေးနိမိတ်ဖြစ်ကြောင်း စသည် တို့ ကို ဖော်ပြထားသည် ။ ထို့ပြင် မိုးစွေငှက်များ နှင့် ပုံ့လွှားများသည် မည်သည့်အချိန်တွင် ပြန်လာတတ်ကြောင်း၊ ယုန်များ မည်သို့မွေးရကြောင်း၊ လာဗင်ဒါ ပန်းမွှေးမျိုးကို မည်သည့်နေရာတွင် တွေ့ရတတ်ကြောင်း စသည် တို့ ကိုလည်း ဖော်ပြထားသည် ။ မိုးစွေငှက်ကို သူ တစ်ခါမျှ မမြင်စဖူး။ သူသည် ပါရီမြို့က ကျဉ်းမြောင်းသည့် အက်စ်ထရာပါ ဒီလမ်းမှာ နေသည် ။ သူ့ပြတင်းပေါက်အောက်တွင် နေ့ခင်းသည် နို့ချက်ရုံက ဒိန်ခဲညှီနံ့ နံနေပြီး ညချမ်းသည် အမှိုက်ပုံနံ့ နံစော်နေသည် ။

ဘားနဒ်သည် အချိန်အားတွေ ပိုနေသဖြင့် သဘာဝ ပြက္ခဒိန်ပေါင်းချုပ်ကျမ်းကို ဖတ်ခြင်းဖြစ် သည် ။ ထိုမျှမက သူ့တွင် စိတ်

ကူးယဉ်တတ်သော နှလုံးသားတစ်ခုရှိပြီး ကိုယ်ပိုင်ဝင်ငွေကလေးက လည်း နည်းနည်းပါးပါး ရှိသည် ။ မနက်စာ စားပြီးသည် နှင့် သူသည် ရက္ခဗေဒဥယျာဉ်သို့ သွားလေ့ ရှိသည် ။ ဥယျာဉ်ထဲသို့ ရောက်လျှင် မနေ့က ကျန်သော ပေါင်မုန့်အစအနကလေးများကို စာကလေး များအား ကျွေးသည် ။ လက်တွန်းလှည်းကလေးများ ထဲတွင် အမြဲ အော်ငိုနေကြသည့် ကလေးငယ် များကို ကြည့်၍ ပြုံးသည် ။

သူသည် ရင့်မှ ည့်အိုမင်းသွားသည့် ဇရာအရွယ်အထိ အေးချမ်းတိတ်ဆိတ်စွာ နေနိုင်ပြီ။ လိပ်သည် အသက်ရှည်သည် ဟု ဆိုကြသည် မဟုတ်လော။

ဘားနဒ်၏ ညီမငယ်မှာ ပယ်ရီဂိုးတွင် နေသည် ။ သူ့ကို အလည်လာဖို့ ညီမငယ်က မကြာခဏ ခေါ်လေ့ရှိသည် ။ သို့ရာတွင် သူက အလုပ်များ သည် ။ မအားဟု အကြောင်းပြတတ်သည် ။ ခရီး သွားရမည်ကို သူကြောက်သည် ။ ဘူတာရုံတွေ၊ ရုတ်ရုတ်ရက်ရက်တွေ၊ ဥဩသံတွေကို သူမမြင်ချင်၊ မကြားချင်၊ ထို့ပြင် ပယ်ရီဂိုးမှာ ၁၂နာရီ သွားရမည် ။ ခရီးသွားရမည့်အစား ‘သဘာဝပြက္ခဒိန် ပေါင်းချုပ်ကျမ်း’ကို ဖတ်နေချင်သည် ။

သို့ရာတွင် လှုပ်လှုပ်ရှားရှား လုပ်ရသည့်အဖြစ်မျိုးသည် သူ့ဘဝထဲသို့ တဖြည်းဖြည်း စိမ့်ဝင် လာလေပြီ။ ဖြစ်ချင်တော့ ရုပ်ရှင်ကို မကြည့်စဖူး သွားကြည့်လိုက်မိသည် ။ အရင်တုန်းကတော့ သူသည် အိမ်ရှင်မိန်းမကြီး၏ ကလေးများ နှင့်အတူ ဆပ်ကပ်လောက်ကိုသာ သွားကြည့်သည် ။ မိတ်ဆွေ တွေက သူ့ကို ဆွဲခေါ်သွားကြသည် ။

ရုပ်ရှင်ကို သူ သဘောကျသွားပြီ။ ကဆုန်စိုင်းနေသော မြင်း၊ အိမ်မြင့်မြင့်ကြီးအမိုးပေါ်သို့ ရောက်နေသော အပက်ချီလူရိုင်း၊ ရေအောက်က

သတ္တဝါတွေ။

ထို့နောက်မှ စ၍ သောကြာနေ့တိုင်း ရုပ်ရှင်သွားကြည့်ဖြစ်သွားတော့သည် ။ အပြစ်ကင်းစင် သည့် ဖျော်ဖြေမှု တစ်မျိုးပေပဲ။ ရုပ်ရှင်ရုံမှာ နောက်တစ်လမ်းခြားတွင် ရှိသည် ။ ရင်ထဲမှာ နင့်ခနဲ ဖြစ် သွားသည့် အလွမ်းဇာတ်ထုပ်များကိုလည်း ပြတတ်သည် ။ သို့ရာတွင် စိတ်မချမ်းသာစရာ တစ်ခု ရုပ် ရှင်ရုံထဲမှာ တော့ တွေ့ခဲ့ရသည် ။

ခပ်မှောင်မှောင် ရုပ်ရှင်ရုံထဲက ပွေ့ဖက်နေသည့် စုံတွဲများ နှင့် နားထောင်ချင့်စဖွယ် တဂျက် ဂျက် မြည်နေသော ရုပ်ရှင်ပြစက်သံတွေကြောင့် ဘားနဒ်သည် ရတ်တရက် လန့်သွားကာ ဒူးတွေတုန် လာသည် ။ မော်တော်ကားတစ်စီးသည် ရုပ်ရှင်ပိတ်ကားကြီးထဲမှ အပြင်းမောင်းလာသည် ။ ရုပ်ရှင် ကြည့်ပရိသတ်များအားလုံးသည် အပြေးမောင်းနေသော ကားပေါ်တွင် ပါသွားပြီး လမ်းမကြီးသည် ဘီးအောက်သို့ လိမ့်ဝင်လာသကဲ့သို့ ထင်ရသည် ။ သူကိုယ်တိုင်လည်း မော်တော်ကားပေါ်တွင် ထိုင် သွားသည့်နှယ် ထင်မိသည် ။

ထိုအရသာကို ခံစားရင်း ဘားနဒ်သည် အရာအားလုံးကို မေ့သွားလေပြီ။ ထိုမော်တော်ကား သည် ဘောလုံးသမားကလေးတစ်ယောက်၏ မော်တော်ကားဖြစ်သည် ကိုမူ သူ သတိမရတော့။ သူ့ ရည်းစား ကောင်မလေးက တစ်ထပ်တိုက်ကလေးထဲမှ မျှော်နေသည် ကိုလည်း သူ သတိမရတော့။ သူ တို့ ချစ်သူနှစ်ယောက် ကောင်မလေးအဖေကြီးကို ကြောက်ကြောက်နှင့် ချိန်းတွေ့ကြရသည် ကိုလည်း သူ သတိမထားမိတော့။

သူ့မျက်စိထဲတွင် တရိပ်ရိပ်ကျန်ရစ်ခဲ့သော ချုံများ နှင့် ဖုန်မှုန့်များကို

သာ မြင်ရသည် ။ ရပ်ရှင် ရုံထဲတွင် ပိတ်လှောင် မွန်းကျပ်နေသည့်တိုင် သူ့မျက်နှာကို လေတဟူးဟူး တိုက်နေသည် ထင်ရ သည် ။ လေတိုးသဖြင့် မျက်နှာသည် ကျိန်းစပ်လာသည် ။ နောက်ဆုံးတွင် မခံမရပ်နိုင်အောင် ကျိန်းစပ် လာသဖြင့် ဘားနဒ်သည် ထိုင်ရာမှ ထလိုက်သည် ။ နောက်ခုံတန်းများမှ သူ့ကို ဝိုင်းအော်ကြသည် ။

'ဟေ့...ဘာလုပ်တာလဲကွ၊ ထိုင်'

ဘားနဒ်သည် ရုပ်ရှင်ကို ပြီးအောင် ဆက်မကြည့်နိုင်တော့ဘဲ ရုပ်ရှင်ရုံထဲမှ လမ်းပေါ်သို့ ပြေး ထွက်လာခဲ့သည် ။ ကောင်လေးနှင့် ကောင်မလေး လက်ထပ်ထပ်၊ မထပ်ထပ် အကြောင်းမဟုတ်။ သူ့ အဖို့ လည်း အကြောင်းမဟုတ်တော့။ သူသည် ရုပ်ရှင်ဇာတ်ကားကိုကြည့်ပြီး အများကြီးသဘော ပေါက်သွားပြီ။ ဘားနဒ်သည် အိမ်သို့ မပြန်သေး။ တိတ်ဆိတ်ခြောက်ကပ်သော လမ်းများ တစ် လျှောက်တွင် ခပ်သုတ်သုတ် လျှောက်လာခဲ့သည် ။ လမ်းဘေးတွင် ရှိနေသည့်အိမ်များကို ချုံတောတွေ လို တရိပ်ရိပ်ကျန်ရစ်အောင် ဖြတ်လာခဲ့ချင်သည် ။ သူသည် ဂရက်နေဒါတွင် ရောက်နေပြီလား၊ သို့မ ဟုတ် မြောက်ဝင်ရိုးစွန်းကိုပင် ရောက်နေပြီလားမသိ။

ထိုနေ့မှ စ၍ သူလည်း 'သဘာဝပြက္ခဒိန် ပေါင်းချုပ်ကျမ်း' ကို မေ့ လိုက်လေပြီ။ သူသည် ပီရနီးစ်သို့ သွားသည့် ခရီးသွားလမ်းညွှန်စာအုပ်ဟောင်းတစ်အုပ်ကို ဝယ်သည် ။

မြေပုံအချို့နှင့် လမ်းညွှန် အိမ်မြှောင်တစ်လက်ကို ဝယ်သည် ။ သို့ရာတွင် ဘယ်ကိုမျှခရီး မထွက်မီ အက်စ်ထရာပါဒီလမ်းရှိ သူ့အခန်းကလေးထဲတွင် ထိုင်ရင်း စိတ်ကူးဖြင့် ခရီးထွက်ခြင်းသာ ဖြစ်သည် ။

ထိုအချိန်တွင် သူ့အား ဖြားယောင်းသွေးဆောင်မည့် မြွေတစ်ကောင်

သူ့အိမ်ထဲသို့ ဝင်ရောက် လာပြန်သည် ။ ထိုမြွေသည် တရှိုက်ရှိုက်မြည်သည် ။ ထိုမြွေမှာ ရေဒီယိုဖြစ်သည် ။

နေ့လယ်ပိုင်းတွင် တော့ သူ ပျော်သလိုလို ရှိသည် ။ သို့ရာတွင် ညပိုင်းရောက်သည် နှင့် သူ စိတ် တို လာလေပြီ။ သူသည် နွေးထွေးသော ရှေ့ထိုးဖိနပ်ကလေးကို စီးထားသည် ။ သို့ရာတွင် ဖိနပ် ကလေး စီးပြီး မီးလင်းဖိုဘေးတွင် ငြိမ်ထိုင်နေသည် မဟုတ်ပါ။ သူသည် ကမ္ဘာကြီးကို ဥဒဟို လျှောက် သွားနေသည် ။ သူ့နှုတ်ခမ်းကလည်း တရွရွ ဖြစ်သည် ။ သူသည် လေလှိုင်းများကို လိုက်ရှာနေသည် ။ ဒါက ဘာစီလိုနာ၊ ဒါက ဘာရူး။ ဒီစကားက ဂျာမန်စကားလုံး၊ စစ်ပွဲတဲ့ ။ ဘက်ခ်ရဲ့ တေးဂီတ။ စပိန်လူမျိုးတွေအကြောင်း။ အောက်စ်ဖို့ ဒ်တက္ကသိုလ် လှေပြိုင်ပွဲအနိုင်ရသည့်သတင်း။ ဘုရင့် ဒက်ချ် အစိုးရ ငွေချေးနှုန်း။ အီတလီဘာသာသင်ခန်းစာ။ ဆွီဒင် ကွန်ဆာဗေးတစ်ပါတီ ရွေးကောက်ခံရ ခြင်း။ ကရင်မလင် နန်းတော်ရင်ပြင် နာရီစင်မှ နာရီသံ။ အင်တာနေရှင်နယ် သီချင်း။ အမေရိကန် အက။ ကမ္ဘာကြီးသည် နွားအော်သလို အော်နေသည် ။ ကြောင်အော်သလို အော်နေသည် ။

ချားလ်စ်ဘားနဒ်သည် ဘောလုံးရုပ်ကလေးတွေ ရေးထားသည့် ရှေ့ထိုးဖိနပ်လေးကို စီးပြီး ကမ္ဘာ့အနှံ့ လျှောက်လည်နေသည် ။ သူကတော့ မပြောင်း။ တစ်ခါတုန်းက စီးကရက်လိပ်သည့်စက္ကူ ရောင်းခဲ့သည့် ချားလ်ဘားနဒ်ပင် ဖြစ်သည် ။ သူ၏ နှုတ်ခမ်းမွေး ကျိုးတိုးကျဲတဲသည် တွန့်လိမ် တုန် ယင်လျက်။ သူ့မျက်နှာသည် နှင်းပင်လို ဖြူဖွေးလျက်။ မှိုင်စော်နံသော သူ့အခန်းကလေးထဲက တိတ်ဆိတ်မှုထဲတွင် သူသည် ကြောက်စရာကောင်းနေသည် ။ သူ့ကို ဘယ်သူမျှ မမြင်။ သူသည် အက်စထ ရာပါဒီလမ်း အိမ်တွင် ထိုင်လျက်သား။

နောက်တော့ကော။ နောက်တော့ မလွဲမရှောင်သာ ဖြစ်ရမည့်အရာသည် ဖြစ်လာသည် ။ ထောင်ပေါင်းများ စွာသော လူတွေ တကုန်းကုန်း အလုပ်လုပ်နေကြခြင်းမှာ အကြောင်းမဲ့ လုပ်နေကြ ခြင်းမဟုတ်။ ကွန်ဗေယာ ခါးပတ်ကြီးများ တရွှီးရွှီး မြည်နေကြခြင်းမှာ အကြောင်းမဲ့ မြည်နေကြခြင်း မဟုတ်။ အီဖယ်မျှော်စင်ကြီးပေါ်တွင် ကြော်ငြာစာတန်းတွေ ညတိုင်း လင်းလိုက်၊ မှိန်လိုက် ဖြစ်နေ သည် မှာ အကြောင်းမဲ့ မဟုတ်။

ပါရီမြို့တော်ကြီး၏ လမ်းမများ တွင် မော်တော်ကားတွေ ရှုပ်ယှက်ခတ်နေသည် ။ မြွေတွေ အော်မြည်ကာ အရွှေ့လိုက်နေကြသကဲ့သို့ ကြော်ငြာ ပိုစတာတွေဖြင့် ဖုံးနေသည် ။ စေတန် နတ်ဆိုး၏ မြွေမြည်သံကို မြှူဆွယ်ဖြားယောင်းမှုတွေ ပြည့်နေသည် ။

ချားလ်စ်ဘားနဒ်သည် ပီရနီးစ်၊ သဘာဝပြကွန္ဒိန် ပေါင်းချုပ်ကျမ်းနှင့် ပယ်ရီဂိုးတွင် နေထိုင် သည့် သူ့ညီမကို အမှတ်ရလာသည် ။ ကျေးလက်သို့ ခရီးထွက်လျှင် တိမ်တို့ သဘာဝနှင့် တိမ်တို့ ၏ အလှတို့ ကို ကြည့်ရှုငေးမောနိုင်တော့မည်။ တိမ်လိမ်၊ တိမ်ထု၊ တိမ်လွှာတို့ ကို မြင်ရတော့မည်။ လာဗင် ဒါပန်းတို့ ကို ခုမှ မြင်ရတော့မည်။ တော်တော်မွှေးမည့် ပန်းပဲဟု သူတွေးမိသည် ။

သို့ရာတွင် ခက်သည် က မော်တော်ကားမှာ ဈေးကြီးသည် ။ ဘားနဒ်တွေးနေသည် ။ ရုပ်ရှင်ထဲတွင် ကြည့်ခဲ့ရသည့် မော်တော်ကားကို အမှတ်ရလာသည် ။ ဘားနဒ်သည် မော်တော်ကားကုမ္ပဏီ ကိုယ်စားလှယ်ထံသို့ လာခဲ့သည် ။ ကိုယ်စားလှယ်က သူ့ကို ဖော်ရွေ တည်ငြိမ်စွာ ဆီးကြိုသည် ။ လိပ်တစ်ကောင်လို ခပ်ကုပ်ကုပ်၊ ခပ်နှေးနှေး ဘားနဒ်သည် တစ်နေ့တွင် သူ့ဆီသို့ ရောက်လာတော့မည်ကို ကြိုတင် သိနေသည့်နှယ်။

ချားလ်စ်ဘားနဒ်သည် အံ့ဩဖွယ် ကားတစ်စီးကို ဝယ်သည် ။ သူ့

ကားက မြင်းကောင်ရေ ဆယ်ကောင်အား ရှိသည် ။ အရစ်ကျ သွင်းရမည့်စနစ်ဖြင့် ဝယ်ခြင်းဖြစ်ပြီး ၁၈ လ သွင်းရမည်ဖြစ်သည် ။ စက်သံ ညက်သည် ။ သံမဏိ ဘော်ဒီဖြစ်သည် ။ ထို့ပြင် ဘားနဒ်သည် လျှပ်စစ်မီးဖို တစ်လုံးနှင့် ပန်းအိုးတစ်လုံးလည်း ဝယ်သည် ။

ထိုနေ့ညက သူသည် ဘာစီလိုနာမှ ကြောင်အော်သံများကိုပင် နားမထောင်မိတော့။ အိပ်၍ လည်း မပျော်။ သူသည် ဖုန်တွေ ပေနေသည့် ကုလားထိုင်ပေါ်တွင် ထိုင်ရင်း တချီချီတွင် လက်နှစ် ဖက်ကို ဘေးသို့ အညောင်းဆန့်ထုတ်နေသည် ။ ငှက်တွေလို ပျံသန်းချင်နေသည့်လား မသိ။ သူ့မျက် လုံးများ သည် ဒုစရိုက်ကျူးလွန်မိသော လူသားအား ဘုရားသခင် အပြစ်ပေးပြီးသည့်နောက် တွေ့ရ သော စိမ်းလန်းသော မြေကြီးကဲ့သို့ စိုစွတ်နေကြသည် ။

သူသည် မနက်တိုင်း မော်တော်ကားမောင်း သင်တန်းကျောင်းသို့ သွားသည် ။ မကြာမီမှာ ပင် ကားမောင်းတတ်သွားသည် ။ နောက်နှစ်ပတ်ကြာသည့်အခါတွင် သွား၍ အစစ်ခံရသည် ။ စီးကရက် စက္ကူ အရောင်းအဝယ်လုပ်ခဲ့သည့် ဘားနဒ်သည် အလွန်ဂရုစိုက်သည် ။ လမ်းဆုံတစ်ခုကို ကူးတော့ မည်ဆိုလျှင် အဝေးကြီးကတည်းက စက်ရှိန်သတ်လာခဲ့ပြီး ဟွန်းကို တအား တီးလာသည် ။ သူသည် ရှေ့ကကားကို မည်သည့်အခါမျှ ကျော်တက်လေ့မရှိ။ လိပ်တစ်ကောင်လို နှေးကွေးစွာ၊ အမြော်အမြင် ရှိစွာ ကားမောင်းသည် ။ ထို့ကြောင့် ကားမောင်းလိုင်စင် စစ်ဆေးမှု အားလုံးကို အောင်မြင်ခဲ့သည် ။

ထို့နောက်တွင် ဘားနဒ်သည် သူ့ညီမဆီသို့ ခရီးထွက်ရန် ပြင်သည် ။ လက်ထိုး သိုးမွေးဆွယ် တာတစ်ထည်၊ ရှေးဦးသူနာပြု ဆေးသေတ္တာတစ်လုံးနှင့် မြေပုံကောင်းကောင်း တစ်ချပ်ကို ဝယ် သည် ။ ခရီးမထွက်ခင်

နောက်ဆုံးအကြိမ်အဖြစ် ရက္ခဗေဒဥယျာဉ်သို့သွားပြီး စာကလေးတွေကို အစာကျွေးသည် ။ မနက်ဖြန်ဆိုလျှင် ပယ်ရီဂိုးသို့ ခရီးထွက်တော့မည်။ ညီမဖြစ်သူ လူစီထံသို့ မော်တော် ကားဖြင့် သူ သွားတော့မည်။

သို့ရာတွင် စာကလေးများကိုတော့ ခရီးသွားရသည့် အကြောင်းရင်း အမှန်ကို ထုတ်ဖော်ဝန်ခံ သည် ။

‘စာကလေးတွေရေ၊ အမှန်ကတော့ ငါသွားမှာ က ငါ့ညီမဆီ မဟုတ်ပါဘူးကွာ၊ မိုးစွေငှက် ကလေးတွေဆီကို သွားမှာ ပါ။ မိုးစွေငှက်ကလေးတွေက ချစ်စရာကောင်းတဲ့ ငှက်ကလေးမဟုတ်လား’

သူတို့ ကို ထုတ်ဖော်ဝန်ခံခြင်း မပြုသည့် အချက်တစ်ချက်တော့ ရှိသည် ။ ထိုအချက်ကိုမူ သူ့ ကိုယ်သူပင် ထုတ်ဖော်ဝန်ခံခြင်း မပြုရ။

သူ့မျက်နှာသည် ပူစပ်ပူလောင် ဖြစ်နေသည် ။ လေတိုးထားသဖြင့် ကျိန်းစပ်နေခြင်းဖြစ်သည် ။

သို့ဖြင့် ခပ်ကုပ်ကုပ်နေသော ချားလ်စ်ဘားနဒ်သည် ပယ်ရီဂိုးရှိ သူ့ညီမ လူစီထံသို့ မော်တော် ကားဖြင့် ခရီးထွက်လာခဲ့သည် ။

ပထမသော် ဘားနဒ်သည် ကားကို ဖြည်းညင်းစွာဖြင့် ဂ္ဂန္ဒြေရရ မောင်းသည် ။ မော်တော် ကားအသစ် တစ်စီးကို မောင်းပြီဆိုလျှင် ပထမ မိုင်ငါးရာကို မြန်မြန်မမောင်းရ ဆိုသည် လောက်ကိုမူ သူ သိပြီးဖြစ်သည် ။ ထိုအချက်ကို ကားမောင်းသင်တန်းကျောင်းတုန်းကလည်း ဆရာက ပြော လိုက်သည် ။ ကားအရောင်း ကိုယ်စားလှယ်ကလည်း ပြောလိုက်သည် ။ ကားမောင်းလမ်းညွှန် စာအုပ် ကလေးတွင် လည်း ရေးထားသည် ။

သို့တိုင် တစ်နာရီကို ကီလိုမီတာ ၃၀ နှုန်းသည် ဘားနဒ်အဖို့ ကြော

က်စရာ။ သူ့အဖို့ ကြောက် စရာ ပုံသန်းမှုကြီးတစ်ခုနှင့် တူနေသည် ။ တောင်ကုန်းရယ်၊ သစ်ပင်ရယ်၊ လူရယ်လို့ မခွဲခြားနိုင်။ ရုပ်ရှင်ရုံထဲမှာ တွေ့ခဲ့ရသလို အရာအားလုံးသည် ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ခဲ့ကြသည် ။

သူသည် မော်တော်ကားကို ရပ်လိုက်၏။

သည် နားတစ်ဝိုက်တွင် မိုးစွေငှက်ကလေးများ ရှိလိုရှိငြား ရပ်ကြည့်ချင်သည် ။ ပါရီနှင့် တော် တော် ခရီးဝေးဝေးကို ရောက်လာခဲ့ပြီမဟုတ်လော။

သို့ရာတွင် သူသည် မိုးစွေငှက်များကို မကြည့်မိ။ မိုးစွေငှက်အစား မော်တော်ကားဘီးမှ ဝက် အူတွေကို ဆင်းကြည့်မိသည် ။ ထို့နောက် သူသည် ကားကို ဆက်မောင်းလာခဲ့သည် ။ သူသည် သတိ မေ့သွားကာ မြန်နှုန်းကို တိုးလိုက်သည် ။ မြားတံကလေးသည် အပေါ်သို့ ထောင်တက်လာကာ လေ သည် ချက်ချင်း ကမ္ဘာကြီးလောက် ကြီးလာသည် ။

'အလို...လက်စသတ်တော့ ဒီလူတွေအားလုံး ငါ့ကို လိမ်ပြောနေကြတာပါကလား။ ကားအ ရောင်း ကိုယ်စားလှယ်ကရော၊ ကားမောင်းလမ်းညွှန်စာအုပ်တွေရော ငါ့ကို လိမ်ညာနေကြတာပါကလား။ ကြည့်စမ်း၊ သူတို့ ပြောတဲ့ နှုန်းထက် ကားကို ပိုပြီး မြန်မြန်မောင်းလို့ ရသားပဲ။ မြန်မြန်မောင်းရတော့ ပိုတောင် စီးလို့ ကောင်းသေးတယ်။ ဟုတ်သားပဲ။ ကားဝယ်စီးတယ်ဆိုတာ မြန်ချင်လို့ ဝယ်စီးတာ။ တအိအိနဲ့ သွားနေရင် ဘယ်ဟန်ကျပ့ါမလဲ။

သူသည် လိပ်တစ်ကောင် မဟုတ်တော့။ ရက္ခဗေဒ ဥယျာဉ်ထဲ သွားထိုင်ဖို့ ကိုလည်း သတိမရ တော့။

အလို...အလို...နေစမ်းပါဦး ချားလ်စ်၊ မင်း ဘာဖြစ်လို့ ဒီလောက် အရေးတကြီးဖြစ်နေရတာ လဲ။ မင်းညီမ လူစီဟာ မင်းလာမယ်ဆိုပြီး ၈ နှ

စ်ကြီးများ တောင် စောင့်ခဲ့ရပြီပဲ။ နောက်တစ်ရက် စောင့်ဦးဆိုလည်း စောင့်မှာ ပေ့ါ။ နေစမ်းပါဦး။ လာဗင်ဒါ ပန်းမွှေးကလေးတွေကို ကြည့်ချ င်တယ်ဆို။ ကားကို ခဏရပ်။ အနားယူ။ မြက်ခင်းပေါ်မှာ တစ်ရေးတစ် မောလောက် အိပ်လိုက်ဦးပေ့ါ။ သည် နေ ရာတစ်ဝိုက်မှာ ဆိုရင် မြက် တောတွေဟာ သိုးမွေးနဲ့ တူတဲ့ တိမ်ဆုပ်တွေလို နူးနေမှာ ပဲ။

ထိုစကားများကို ပြောနေသူမှာ ယခင်က စီးကရက်စက္ကူ အရောင်း အဝယ်လုပ်ခဲ့သည့် ချားလ်စ်ဘားနဒ်ဖြစ်သည် ။ သို့ရာတွင် ကားပိုင်ရှင် ဒုတိယမြောက် ချားလ်စ်သည် တစ်ခုကိုသာ သိ သည် ။ ယင်းမှာ သူ မော် တော်ကားကို အပြင်းမောင်းနေခြင်းနှင့် လေတဟူးဟူး တိုးနေခြင်းတို့ ဖြစ် သည် ။ သူသည် မျက်လုံးများကို မှေးထား၏။ ကော့ညက်တစ်ပုလ င်းလောက် ကုန်အောင် သောက် ပြီးသည့်နှယ် မူးယစ်နေသည် ။

သူသည် ပြုံးလိုက်၏။ ထို့နောက် မြန်သည် ထက် မြန်အောင် မြန်မြ န်မောင်းနေသည် ။

* * * * *

မီးရထားတစ်စီးသည် လင်းယုန်ငှက်တစ်ကောင်ထက် မြန်သည် ။ သို့ရာတွင် ယင်ကောင် သေးသေးကလေး တစ်ကောင်မှာ မူ အမြန်ရ ထားတစ်စီးထက် ပို၍ မြန်သည် ။ ပျံလွှားငှက်တစ် ကောင်သည် ယင်တ စ်ကောင်ထက် မြန်မြန် ပျံနိုင်သည် ။ သို့ရာတွင် ပျံလွှားငှက်သည် မော် တော်ကား ကိုတော့ မမီ။

ဘားနဒ်သည် ထိုအကြောင်းကို တနင်္ဂနွေနေ့ထုတ် သတင်းစာတစ် စောင်တွင် ဖတ်လိုက်ရဖူးသည် ။ သို့ရာတွင် ယခုမူ ဘားနဒ်သည် ပျံလွှားငှက်အကြောင်းကို မစဉ်းစားဖြစ်တော့။ မိုင်နှုန်းကို ပြသည့် မြား တံကလေးကိုလည်း မကြည့်မိတော့။ သူ့အဖို့ ဂဏန်းများ သည် ဘာလို

သေးသနည်း။

မော်တော်ကားသည် အသက်ဘေးကြောင့် ပြေးနေရသူလို အားကုန်ပြေးနေသည် ။ လမ်းမ ကြီးကလည်း ဖြောင့်တန်းလျက်။

နည်းနည်းအရှိန်လျှော့ရမလား မသိဘူး။ ကားက အသစ်မဟုတ်လား။ အသစ်ဆိုရင် ပထမ မိုင်ငါးရာကို မြန်မြန်မမောင်းရဘူးတဲ့ ။

တစ်ခါက စီးကရက်လိပ်သည့် စက္ကူ ရောင်းခဲ့သူသည် ကားမောင်းရင်း စဉ်းစားလာသည် ။

အို…ဘယ်လောက်မြန်သင့်သလဲ၊ မမြန်သင့်ဘူးလဲဆိုတာ မော်တော်ကားက သူ့ဘာသာသူ သိမှာ ပေါ့။ ပြေးနေရတဲ့ သူက ငါမှ မဟုတ်တာ။ သူပဲ မဟုတ်လား။

တကယ်တော့ သည် မော်တော်ကားကို သူ ဘာမှ လုပ်ရသည် မဟုတ်။ ၁၈ လ အရစ်ကျသွင်းပြီး ဝယ်ခဲ့ရုံသာဖြစ်သည် ။ ပြီးတော့ ကားက အာမခံထားပြီးသား။ နေစမ်းပါဦး။ သူရော အသက်အာမခံ ထားပြီးပြီလားမသိ။ စာကလေးတွေကော ..။

သူ နောက်ထပ် ဆက်၍ မစဉ်းစားနိုင်တော့။ မပြုံးနိုင်တော့လေ။ လေတိုးနေသဖြင့် မျက်နှာ သည် နာကျင်ကျိန်းစပ်နေသည် ။ မျက်လုံးတွေကလည်း ကျိန်းစပ်လာသည် ။ သူ ဘာကိုမျှ ကောင်း ကောင်းမမြင်ရတော့။ သူသည် လက်ယာဘက်သို့ ကွေ့လိုက်သည် ။ သူကွေ့တာလည်း ဟုတ်ချင်မှ ဟုတ်မည်။ လူတွေက ဝိုင်းအော်ကြသည် ။ သို့ရာတွင် သူမကြား။ ထို့နောက်တွင် အတွေးတစ်ခု တည်းသာ ပေါ်လာသည် ။

သူ့ မော်တော်ကားသည် ဘာဖြစ်သွားပြီလဲ။ ဘာဖြစ်ရမည်လဲ။ အရှင်းကြီးပဲ။

ဘားနဒ်သည် မျက်လုံးကို ခဏဖွင့်လိုက်သေးသည် ။ ဟုတ်သားပဲ။ အရှင်းကြီးပဲ။ မော်တော် ကားသည် စိတ်ဖောက်ပြန်သွားရောထင့်။ သ ည် လိုပဲ ဖြစ်တတ်သည် မဟုတ်လား။ သူ့ကို ဆရာဝန် သွားပြလျှင် 'အင် ဂျင်နေထိုင်မကောင်း' ဟု ပင် မှတ်ချက်ရေးလိမ့်ဦးမည် ထင်သည် ။

ထိုမျှမက နောက်ဆက်တွဲအဖြစ် အင်ဂျင် စိတ်ဖောက်ပြန်သွားသည် ဟု ရေးလိမ့်ဦးမည် ထင် သည် ။

အဖြူရောင်။ မယုံကြည်နိုင်စရာကောင်းသည့် နေရောင်လေ။

မျက်လုံးတွေကို မှိတ်ထားလျှင် ပိုကောင်းမည်။ ဟော…လမ်းမကြီး ဆုံးတော့မည်။ စီးကရက် စက္ကူ။ အက်စထရာပါဒီလမ်း။ စာကလေးတွေ ။ ဤအရာအားလုံး အဆုံးသတ်တော့မည် ထင်သည် ။ မြန်မြန်…မြန်မြန် …မြန်မြန်…။

ထို့နောက် ခပ်ယဲ့ယဲ့ အော်သံ။ ကလေးတွေကစားသည့် စည်ဖောင်း တစ်လုံး ပေါက်သွားသည် နှင့် ဘာမျှမခြား။ မြစိမ်းရောင် ဘယ်ရီသီးက ပန်းနုရောင်။ မော်တော်ကားသည် ကုန်းဆင်းကြီးတစ်ခုအတိုင်း အပြင်း ဆင်းလာသည် ။ ခက်ခက်နှင့်လွယ်ပြီး လွယ်လွယ်နှင့် ခက်နေသည် ။ မော်တော်ကားကြီးတွင် အစိတ်အပိုင်းတွေ တစ်ထောင်မရှိတော့။ ရက်စ က်ကြမ်းကြုတ်သည့် ဒေါသသာ ရှိတော့သည် ။ မော်တော်ကားကြီးသ ည် ကားမောင်းသူနှင့် တူလာသည် ။ သူ့ကိုယ်သူ မေ့လျော့ကာ ဝမ်းသာ အားရခြင်း ကြီးစွာဖြင့် ကုန်းဆင်းအတိုင်း ပျံသန်းလာခဲ့ကာ ခြောက်သွေ့နေသည့် ထင်းရှူးပင်များ ပေါက်နေသည့် သနားစရာ ချော က်ကမ်းပါးကြီးထဲသို့ ထိုးဆင်းသွားသည် ။

မိုးစွေငှက်ကလေးများက တေးဆိုနေကြသည် ။ လာဗင်ဒါပန်းတွေ က မွှေးထုံနေကြသည် ။ သံတိုသံစများ ၊ ဖန်စမှန်စများ နှင့် ပူနွေးသော

အသားတုံးကြီး တစ်တုံးနှင့်အတူ မော်တော်ကားနံပါတ် ၁၀၀၇၄ သည် ကျဲကျဲတောက် ပူနေသော မွန်းတည့် နေမင်းအောက်တွင် မလှုပ်မယှက်။

* * *

(၂)

မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသော ဖယောင်းတိုင်မီးရောင်ကြောင့် ဆန်းကြယ်သော အရိပ်များ သည် နံရံပေါ်တွင် လာထင်နေကြ၏။ စက်ကိရိယာပစ္စည်း ပုံကြမ်းများ ၊ ကိရိယာ တန်ဆာပလာများ ၊ ပုလင်းများ နှင့် စာရွက်များကြားတွင် အိပ်ငိုက်နေသည့် ကြောင်ကလေးတစ်ကောင် ။ ညပေါင်းများ စွာ အိပ်ပျက်သဖြင့် ဖျော့တော့ချုံးကျနေသော မျက်နှာတစ်ခု။

ထိုနေရာသည် ကျွန်ုပ်တို့ ၏ စိတ်ကူးယဉ်သမား လူငယ်ကလေးနေထိုင်ရာ ဂေဟာဖြစ်သည် ။ အိမ်နီးချင်းများကမူ သူရူးနေပြီဟု တီးတိုးပြောကြသည် ။ သို့ရာတွင် သူသည် အကောင်းပကတိရှိ သည့် လူကောင်းတစ်ဦးမျှသာမက မျိုးချစ်တစ်ဦးလည်း ဖြစ်သည် ။ ထိုအချိန်က မျိုးချစ်တစ်ယောက် ဖြစ်ဖို့ အတော်ခက်သည် ။ အန္တရာယ်လည်း များသည် ။ ထိုအချိန်မှာ စည်းလုံးညီညွတ်၍ ပြိုကွဲခြင်းမရှိ သော သမ္မတနိုင်ငံတော်ကြီး၏ အဋ္ဌမမြောက်နှစ်ဖြစ်ပါသည် ။ ရုံးခန်းများ ထဲတွင် ရဲရင့်သော ကော်ဆီ ကန်နယ်သားကြီး နပိုလီယန်၏ ပုံတွေ ချိတ်ဆွဲထားရချိန်ဖြစ်သည် ။ သူသည် တော်လှန်ရေး၏ ရန်သူ မှန်သမျှကို ပြတ်သားစွာ ချေမှုန်းသုတ်သင်ခဲ့သူဖြစ်သည် ။

သူသည် တော်လှန်ရေး၏ ရန်သူများကို ပြင်းပြင်းထန်ထန် သုတ်သင်ရှင်းလင်းခဲ့သူဖြစ်သည် ။

သူ့အိမ်နီးချင်းများက သမ္မတနိုင်ငံ တပ်မတော်များ ၏ အောင်ပွဲများ ကို ပြောပြသည့်အခါ၌ ဖီလစ်လေဗွန်သည် အောင်ပွဲရတပ်မတော်သားများကို ချီးကျူးဂုဏ်ပြုသည် ။ လေဗွန်သည် တော်လှန် ရေးနှင့်ပတ်သက်သော ရက်စွဲများအားလုံးကို ကောင်းစွာ သတိပြုသည် ။ သူသည် ကြက်သားဟင်း ကောင်းကောင်း စားချင်လျှင်ပင် အခြားသူများ လို တနင်္ဂနွေနေ့တွင် မစား။ အောင်ပွဲရသည့်နေ့တွင် စားသည် ။ သို့ရာတွင် သူ့စိတ်ကမူ တခြားအရာများ ဆီသို့ ရောက်နေသည် ။

တော်လှန်ရေးကြီးဖြစ်တုန်းက သူသည် အသက် ၂၀ သာ ရှိသေးသည် ။ သူသည် တန်းတူညီ မျှရေး၊ ညီနောင်ရင်းသဖွယ် ချစ်ခင်ရေး ဆိုသည့် ကြွေးကြော်သံများ နှင့် ဒေါက်တာဂီလိုတင်း တီထွင်ခဲ့သည့် ခေါင်းဖြတ်စက်ကို ချက်ချင်း ငြီးငွေ့သွားသည် ။

တော်လှန်ရေးသည် သူရှုရှိုက်နေရသောလေလို ရိုးသွားသည် ။ ပတ်ဝန်းကျင်တွင် လေရှိမှန်း မသိတော့သလို တော်လှန်ရေးရှိမှန်း မသိတော့ ။ တော်လှန်ရေးနေ့သို့ ရောက်သည့်အခါတွင် သူ တအံ့ တသြဖြင့် ပြုံးသည် ။ သြော်...တော်လှန်ရေးနေ့ကို ရောက်လာပြန်ပြီကိုး။ တကယ်တော့ သည် နေ့ သည် ဘာမျှမဟုတ်။ အုပ်စုနှစ်စု ခိုက်ရန်ဖြစ်ကြသည့်နေ့သာ ဖြစ်သည် ။ နောက်ထပ် ၅ နှစ်ခန့် ကြာ သွားသည် ။ နိုင်ငံကြီးသား ဆီယေက နိုင်ငံကြီးသား ဘားရက်ကို ဖြုတ်ချရန် ကြံစည်နေလျှင်ကော ဘာအရေးနည်း။

ထိုအကြောင်းကို ဘယ်သူမျှ ဂရုမစိုက်တော့။ တော်လှန်ရေး အောင်ခဲ့ပြီးပြီ။ သည် အချက်ကို ဘယ်သူမျှ ငြင်းမရ။ ရန်သူများကပင် ဝန်ခံကြရပြီးပြီ။ နောက်မကြာမီ တော်လှန်ရေးသည် အရေး နိမ့်သွားခဲ့ရသည် ။

သည် အချက်ကိုလည်း လူတိုင်း သိပြီးသားဖြစ်သည် ။ ဂျက်ကိုဘင် ဂိုဏ်းသားတွေ

လည်း သိသည် ။ ဝန်ကြီးအဖွဲ့ဝင်တွေလည်း သိသည် ။ ဘိုနာပတ်လည်း သိသည် ။ ဘာမျှ ငြင်းစရာ အကြောင်းမရှိ။

နိုင်ငံသားတွေက နိုင်ငံတာဝန်ကို ထမ်းဆောင်ကြရမည်။ လက်ဖက်ရည်ဆိုင် ထိုင်လျှင် ပါးစပ်ကို ကြယ်သီးတပ်ထားလျှင် ကောင်းမည်။ လက်ဖက်ရည်ဆိုင်က စားပွဲတိုင်းတွင် သတင်းပေး တွေ တရစ်ဝဲဝဲ လုပ်နေတတ်သည် ။ သို့ရာတွင် ကျွန်ုပ်တို့ ဇာတ်လိုက် လေဗွန် အိပ်မပျော် ဖြစ်နေခြင်း မှာ ထိုအကြောင်းများကြောင့် မဟုတ်။

သို့ဖြစ်လျှင် ဘာကြောင့်နည်း။

အချစ်ကြောင့်လော။ သို့ရာတွင် သမ္မတနိုင်ငံ ဂိုဏ်းကို ထောက်ခံသူများ သည် လည်း အခြားသော ဂိုဏ်းသားများကဲ့သို့ အချစ်တို့ ၊ မေတ္တာတို့ ကို အသက်လောက် အရေးတကြီးထားသူများ မဟုတ်။

လေဗွန်သည် အသက် ၃၀ ရှိပြီး အနေတော်အရွယ်ဖြစ်သည် ။

အခန်းတံခါးဝမှ တံခါးခေါက်သံ ကြားရသည် ။ ချစ်သူများ လား။ မဟုတ်ပါ။ ကိုယ်လုံးကိုယ် ပေါက် တောင့်တောင့်၊ နှာခေါင်းပွပွနှင့် လူတစ်ယောက် ဝင်လာသည် ။ လေဗွန်၏ မိတ်ဆွေ ဘာရီ ဖြစ်သည် ။ ဘာရီသည် တစ်ခါတုန်းက ဂျက်ကိုဘင် ဂိုဏ်းသားတစ်ယောက်ဖြစ်ပြီး နောက်တော့ မြူနီ စီပယ်တွင် အရာရှိတစ်ယောက် ဖြစ်နေသည် ။ သူ့အလုပ်မှာ ပါရီဈေးတွေထဲက အလေးတင်းတောင်း များ မှန်၊ မမှန်ကို လိုက်၍ စစ်ဆေးရသည် ။

'အလုပ်လုပ်နေတုန်းပဲလား' ဟု ဘာရီက မေးသည် ။

‘မြင်တဲ့ အတိုင်းပဲ’

‘ကျုပ်ကတော့ ခင်ဗျားကို အားကျတယ်ဗျာ။ ကိုယ့်အလုပ်နဲ့ ကိုယ် အချိန်ကုန်နေတာပဲ။ ဘာ ကိုမှ ဂရုမစိုက်ဘူး။ လောလောဆယ် ပြောချင်တာ တစ်ခုရှိလို့ လာခဲ့တာဗျ။ တခြားတော့ မဟုတ်ပါ ဘူး။ ကျုပ်တို့ တော်လှန်ရေးကြီးကတော့ အရေးနိမ့်တော့မယ် ထင်တယ်’

လေဗွန်က ပြုံးသည် ။

‘ဒါက အဆန်းမဟုတ်ပါဘူးဗျာ။ အရင်တုန်းကလည်း အရေးနိမ့်ဖူးပေါင်း များ ပါပြီ။ အကြိမ် တစ်ရာ မဟုတ်သည့်တိုင် အကြိမ်ငါးဆယ် လောက်တော့ ရှိရောပေ့ါ။ တော်လှန်ရေးဆိုတဲ့ အရာဟာ လည်း မသေနိုင်တဲ့ အရာမှ မဟုတ်ဘဲ။ ဒီတော့ သူလည်း ပျက်စီးရမှာ ပေါ့’

‘အေး...ခင်ဗျားကတော့ လျှောင်နိုင်မှာ ပေါ့ဗျာ။ ဒါပေမဲ့ ခု ဘာတွေ ဖြစ်နေပြီထင်သလဲ။ ခု ရဲမင်းကြီးဖိုးချီက မျိုးချစ်တပ်သား ၂၀ ကို ဖမ်းလိုက်ပြန်ပြီဗျ။ ဘုရင့်ဂိုဏ်းသားတွေကလည်း ဘုရင် စနစ် အသက်သွင်းရေးကို ပြောင်ပြောင်တင်းတင်း ကြိုးစားနေကြပြန်ပြီ။ ပြီးတော့ ကျုပ်တို့ မျိုးချစ် တွေကကော ဘာတွေလုပ်နေသလဲ။ ဘီယာဆိုင်သွားပြီး ဘီယာ သောက်တာနဲ့ ပဲ အချိန်ကုန်နေကြ တယ်။ တကယ်ပြောတာဗျ။ ခု နပိုလီယန်ကလည်း ပြင်သစ်မြေပေါ်ကို ပြန်ပြီးတက်ဖို့ ကြိုးစားနေ တယ်။ ခင်ဗျား ကြားတယ်မဟုတ်လား’

လေဗွန်သည် တစ်လျှောက်လုံး နားထောင်နေရာမှ သူ့ကို မော့ကြည့်၏။

‘ဟုတ်လား နေစမ်းပါဦးဗျ။ ဒီ ဘိုနာပတ်ဆိုတဲ့ လူက ဘာများ လုပ်နိုင်မှာ တဲ့ လဲ’

'ဒါတော့ မပြောတတ်ဘူးလေဗျာ။ ဒါပေမဲ့ လူတွေက ပြောတော့ နပို လီယန်ဟာ ဦးဆောင် အဖွဲ့ကို ဖျက်သိမ်းမယ်တဲ့ ။ တကယ့် သမ္မတနိုင်ငံ အစစ်ကို တည်ထောင်မယ်တဲ့ ။ ၁၇၉၃ ခုနှစ်တုန်းက ကျွန်တော်တို့ လူမျိုးတွေ တည်ထောင်ခဲ့ကြတဲ့ သမ္မတနိုင်ငံ စစ်စစ်မျိုးတဲ့ ။ တချို့က တော့လည်း နပို လီယန်ဟာ တစ်ဖက်ဂိုဏ်းသားတွေနဲ့ စေ့စပ်ပြီး အပေး အယူ လုပ်သွားပြီတဲ့ ။ ခင်ဗျား ဘယ်လိုထင် သလဲ'

'ဟင့်အင်း...ဘယ်လိုမှ မထင်ဘူး။ ကျွန်တော့်မှာ ဒါတွေကို စဉ်းစား ချိန်တောင်မရဘူး။ ကိုယ့်အလုပ်နဲ့ ကိုယ် ရှုပ်နေတာ'

'ဒါဖြင့် ခင်ဗျားမှာ နိုင်ငံသားတာဝန်၊ မျိုးချစ်တပ်မတော်ရဲ့ စိတ်ဓာ တ်တွေ မရှိတော့ဘူးပေါ့'

'ဒီမှာ ကိုယ့်လူ၊ ကျွန်တော် ပြောမယ်၊ တော်လှန်ရေးပြီးတာ ကြာလှပြီ။ ဘိုနာပတ်ရှိသည် ဖြစ် စေ၊ မရှိသည် ဖြစ်စေ တော်လှန်ရေး က ပြီးသွားပြီ။ ဒါ အကြောင်း မဟုတ်ဘူး ။ ခုလောလောဆယ် ကျွန် တော် လုပ်နေတာက ကျွန်တော့်စိတ်ကူးကို အကောင်အထည်ဖော်ရေးပဲ ။ ကျွန်တော်တို့ တစ်တွေ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ပြောခဲ့ကြတာ တွေ ခင်ဗျား မှတ်မိသေးတယ်မဟုတ်လား'

'ခင်ဗျားမို့လို့ အချိန်ကုန်ခံတာ။ ဒါတွေက မင်းစိုးရာဇာတွေ အပျင်းပြေလုပ်တဲ့ အလုပ်ဗျ။ နောက်တော့ ကျွန်တော်တို့ စိတ်ကူးမျှော်မှ န်းခဲ့တာက အဲဒါ မဟုတ်တော့ဘူး။ အများ ပြည်သူတွေ ကောင်းကျိုးကို စိတ်ကူးမျှော်မှန်းခဲ့ကြတာ'

'ဟုတ်ပါတယ်လေ။ ဒါပေမဲ့ ကျွန်တော်တို့ မျှော်မှန်းခဲ့ကြတဲ့ တော်လှ န်ရေးကြီးဟာ အကောင် အထည်မပေါ်ခဲ့ဘူး မဟုတ်လား။ တချို့လူတွေ က စီးပွားပျက်သွားကြပြီး တချို့လူတွေ ချမ်းသာ သွားကြတာနဲ့ ပဲ

ကိစ္စပြီးသွားတာ မဟုတ်လား’

‘ဖဲတွေကိုတော့ ကုလားဖန်ထိုးပါရဲ့ ။ ပြန်ချိုးပါရဲ့ ။ ဒါပေမဲ့ တစ်ဖဲချပ်တွေ အားလုံးကတော့ အပုံထဲမှာ ပဲ ကျန်ရစ်ခဲ့တာပဲ မဟုတ်လား။ ကျွန်တော်တို့ လက်ထဲမှာ ကုလားဖဲနဲ့ အသုံးမကျတဲ့ ဖဲတွေ ပဲ ရောက်လာတာ မဟုတ်လား။ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ။ ဒီလိုပဲ ဖြစ်မှာ ပေါ့။ ကျွန်တော်တို့ ကျိုန် စာမိနေတာကိုး။ ဒီနေရာမှာ တော့ ဗရင်ဂျီ ဘုန်းတော်ကြီးတွေပြောတာ မှန်တယ်ဗျ။ လူတွေဟာ အလုပ်ပင်ပန်း ဆင်းရဲခြင်းက လွတ်မြောက်အောင် လုပ်ရမယ်တဲ့ ။ ပဒေသရာဇ် ဧကရာဇ် အုပ်စိုးမှု အောက်က လွတ်ဖို့ ထက် အလုပ်ရဲ့ ဖိစီးမှုအောက်က လွတ်ဖို့က ပိုပြီးအရေးကြီးတယ်တဲ့ ။ ဆိန်းမြစ် တစ်ဖက်ကမ်းမှာ ရေနွေးငွေ့နဲ့ မောင်းတဲ့ စက်ရုံကို ခင်ဗျား မြင်ဖူးတယ်မဟုတ်လား။ မှတ်ထား၊ အဲဒီ ရေနွေးငွေ့စက်ဟာ နိုင်ငံရေးကြေညာချက်တွေထက် အရေးကြီးတယ်ဗျ’

‘ကျွန်တော် အဲဒီလိုစက်မျိုးတစ်ခုလုပ်ဖို့ ကြိုးစားနေတာ ကြာပြီ။ စက်နဲ့ သူ့ဘာသာသူ မောင်းသွားတဲ့ ယာဉ်ရထားတစ်မျိုးကို စမ်းသပ်လုပ်ကြည့်မယ်လို့ ကျွန်တော် စိတ်ကူးထားတယ်။ အဲဒီစက်ရထားပေါ်မှာ လူတွေကို တင်မယ်၊ သယ်ပို့ပေးမယ်။ ဒါဟာ လူအများ အတွက် တကယ့် ကောင်းကျိုးဆောင်တာဗျ။ ဒါမှ ကမ္ဘာ့လူမျိုးအားလုံးကို ညီနောင်ရင်းလို တန်းတူညီမျှဖြစ်အောင် လုပ်တာဗျ။ ပါရီကနေ ရောမကိုဖြစ်စေ၊ ဗီယင်နာကိုဖြစ်ဖြစ် သွားချင်ရင် လက်ကောက်ဝတ်ကလေး လှုပ်ရှားရုံနဲ့ ရောက်သွားနိုင်ရင် လူတွေ ဘယ်လောက်စိတ်ချမ်းသာကြမလဲ။ ဘယ်လောက်ပျော်ကြ မလဲ။ ခင်ဗျား စဉ်းစားကြည့်စမ်း’

‘ခင်ဗျားဟာ လေထဲ တိုက်အိမ်ဆောက်တဲ့ အိပ်မက်တွေပါဗျာ’

‘ဟုတ်တယ်၊ အိပ်မက်တော့ အိပ်မက်ပဲ။ ဒါပေမဲ့ အင်မတန် အံ့ဩဖို့ ကောင်းတဲ့ အိပ်မက်ဗျ။ ဒီမှာ နားထောင်ကြည့်စမ်း။ ခင်ဗျားကို စာတစ်ပုဒ် ဖတ်ပြမယ်။ (ဝိဇ္ဇာပညာရပ်များ နှင့် သိပ္ပံပညာရပ် များ အကူအညီဖြင့် မြင်း၊ ကျွဲ၊ နွား စသည် တို့ မပါဘဲ အံ့ဩဖွယ်ကောင်း လောက်အောင် လျင်မြန်သော နှုန်းထားဖြင့် သွားသည့် ယာဉ်ရထားတစ်စီးကို တည်ဆောက်နိုင်တော့မည်ဖြစ်သည် ) လို့ ရောဂျား ဘေကွန်က ၁၆၁၈ ခုနှစ်က ရေးခဲ့တယ်ဗျ။ ၁၇၁၈ ခုဆိုတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကပေါ့။ ခုတော့ ဒီအရာတွေဟာ လေထဲက တိုက်အိမ်ဆောက်တဲ့ အိပ်မက်တွေ မဟုတ်တော့ဘူးဗျ။ မနက်ဖြန်ဆိုရင် ခင်ဗျားတို့ ရဲ့ ခေါင်းဆောင်ကြီး နပိုလီယန်တောင် ဒီလိုယာဉ်ရထားကြီးမျိုးကို စီးချင် စီးနေတော့မှာ ။ သိတယ်မဟုတ်လား’

လေဗွန်သည် ထိုင်ရာမှ ထ၏။ သူ့မျက်လုံးများ သည် ဝါလဲ့လျက်ရှိကာ ဖယောင်းတိုင်မီး တောက်တစ်ခုလို တဖျတ်ဖျတ် တောက်နေသည် ။ သူ့အသံက ခပ်တိုးတိုး။ တစ်ခါတစ်ခါတွင် အသက် ကိုပင် ကောင်းကောင်း မရှူနိုင်။

‘ဒီမှာ ဘာရီ။ ခု ကျွန်တော် စမ်းသပ်လုပ်နေတာကလေး ပြီးသွားပြီဗျ ။ မနက်ဖြန်ကျရင် မှတ်ပုံတင်ဖို့ လျှောက်လွှာသွားတင်တော့မယ်။ ခုတော့ ခင်ဗျားကို အသေးစိတ်တွေ မပြောနိုင်သေး ဘူး။ ဒါပေမဲ့ ခင်ဗျားကို တစ်ခုတော့ ပြောလိုက်မယ်။ နောင်ဆိုရင် လူတွေကို လေထဲက ယာဉ်နဲ့ သယ် ပို့ပေးနိုင်တော့မယ်။ ဟင့်အင်း၊ ရေနွေးငွေ့နဲ့ မောင်းမှာ မဟုတ်ဘူး ။ ဓာတ်ငွေ့နဲ့ မောင်းမှာ ။ အဲဒီဓာတ် ငွေ့ဟာ လမ်းမတွေမှာ အလင်းရောင်ပေးမယ်။ စက်ယန္တရားတွေကို မောင်းနှင်ပေးမယ်။ ပထမ အဲဒီ ဓာတ်ငွေ့နဲ့ လေကို ဖိပေးမယ်။ ပြီးတော့ အဲဒီဓာတ်ငွေ့နဲ့ လေကို ရောထားတဲ့ ပစ္စည်းကို စပါယ်ရှယ် လုပ်ထားတဲ့ မီးပွားကလေးတွေနဲ့ မီး

ညှိပေးမယ်။ စပတ်မီးလုံးကိုရော၊ ဓာတ်ငွေ့နဲ့ လေကိုရော အင် ဂျင်စက်ထဲမှာ ပဲ ထည့်ထားမယ်။ ဒီနည်းက ရေနွေးငွေ့သုံးရတာထက် အဓိပ္ပာယ်ရှိတယ်ဗျ။ သဘာဝ လည်း ကျတယ်။ ပြီးတော့ အဲဒီထဲမှာ ထည့်တဲ့ မော်တာစက်ကလည်း နေရာသိပ်မယူဘဲ ခပ်ကျဉ်း ကျဉ်းပဲ ဖြစ်ရမယ်။ အဲဒီမော်တာဟာ အားကောင်းရမယ်။ အားကောင်းဆို မြင်းလေးကောင်ထက် အားများ ရမယ်။ အဲဒီ မော်တာစက်ဟာ ခု ကျွန်တော်တို့ သုံးနေတဲ့ သာမန်မြင်းရထားခရီးဝေးသွား မြင်းရထားကြီးတွေကို ဆွဲနိုင်တဲ့ အား ရှိရမယ်။ ကဲ…ဒီတော့ ခင်ဗျားကို ကျွန်တော်မေးမယ်။ ဒီလို လုပ်တာဟာ လူထုတွေရဲ့ တကယ့်ကောင်းကျိုး မဟုတ်ဘူး လား။ ပြောလေဗျာ။ နောင်နှစ်ပေါင်း ငါး ဆယ်၊ တစ်ရာလောက် ကြာရင် လူတိုင်းဟာ အဲဒီလို ကိုယ့်ဘာသာကိုယ်သွားတဲ့ စက်တပ်တဲ့ ရထား တွေကို ပိုင်လာကြတော့မယ်။ တခြား စက်ယန္တရားတွေကတော့ ဆင်းရဲခြင်းကို ပပျောက်အောင် လုပ် လိမ့်မယ်။ ကျွန်တော့်စက်ကတော့ ပျင်းရိခြင်း၊ ရန်ငြိုးဖွဲ့ခြင်းဟာ အသိပညာမဲ့ခြင်း၊ ငြိမ်သက်ခြင်း စသည် တို့ ကို ပျောက်ကင်းစေလိမ့်မယ်။ လူဟာ မိမိရဲ့ ခန္ဓာကိုယ်အတွက် အစားအစာနဲ့ အဝတ်အ ထည် လိုတယ်။ နောင်ဆိုရင် လူတွေဟာ ကောက်ပဲသီးနှံတွေကို ပင်ပန်းကြီးစွာ ထွန်ယက်စိုက်ပျိုးခြင်းမပြုတော့ဘဲ အလွယ်တကူ သက်သက်သာသာ စိုက်ပျိုးနိုင်တဲ့ စက်ကိရိယာတွေ ပေါ်လာတော့ မယ်။ အဲဒီအခါကျရင် လူတွေဟာ ကောက်ပဲသီးနှံတွေကို ပင်ပန်းကြီးစွာ မစိုက်ပျိုးရတော့ဘဲ သက် သက်သာသာနဲ့ စိုက်ပျိုးနိုင်လာကြတော့မယ်။ ဒါပေမဲ့ ခုလောလောဆယ်မှာ တော့ လူဟာ ကျေနပ် ရောင့်ရဲနေတယ်။ သူ့ရဲ့ စိတ်ဓာတ်က ပြည့်စုံမှုကို တောင့်တနေတယ်။ သူဟာ ကမ္ဘာအနှံ့ ခရီးသွားတယ်။ ဘယ်နေရာမှ ကိုယ့်ဇာတိ၊ ကိုယ့်ရပ်ရွာရယ်လို့ ရှိတော့မှာ မဟုတ်တော့ဘူး။ နေရာတိုင်းဟာ သူ့ဇာတိ၊ သူ့ရပ်ရွာ ဖြစ်လာလိမ့်မယ်။ သူ

ဟာ အိုလံပီယာတောင်ထိပ်ပေါ်က နတ်များ လို စည်းစိမ် ချမ်းသာကို ရ နေလိမ့်မယ်။ ဟောဒီက စာရွက်ထပ်တွေဟာ လူတွေရဲ့ သာယာဝပြော ရေးကို အာမခံ ချက်ပေးနေတဲ့ ပစ္စည်းတွေဗျ'

သို့ရာတွင် ဘာရီဆိုသည့် လူသည် တော်တော်ခက်ပါတကား။ သူသ ည် သူ့မိတ်ဆွေကို ချီး ကျူးစကားဆိုပြီးနောက် ယဉ်ကျေးသမှုအနေဖြင့် တစ်မိနစ်မျှ တိတ်ဆိတ်နေသည် ။ ထို့နောက် ဆက် ၍ ငြင်းသည် ။

'၁၈၉၃ ခုနှစ်တုန်းက ကျွန်တော်တို့ ၊ ခင်ဗျားတို့ တစ်တွေ ရင်ခုန်ခဲ့ကြရတာ၊ မျှော်လင့်ခဲ့ကြ တာ၊ စိတ်ကူးခဲ့ကြတာတွေဟာ ဒီပစ္စ ည်း မဟုတ်ဘူး ဗျ။ လူတွေဟာ အံ့ဩစရာကောင်းလောက် အောင် ရိုး သားအပြစ်ကင်းပြီး အကျင့်သိက္ခာရှိတဲ့ ဘဝကို မျှော်မှန်းခဲ့ကြတယ်။ နေ စမ်းပါဦး။ ခင်ဗျား ပြောသလို လူတွေဟာ ဘာဖြစ်လို့ ဟိုသွားဒီသွားနဲ့ အူ ယားဖားယား ဖြစ်ကြမှာ လဲ။ ခင်ဗျားကြောင် ကလေးကိုပဲ ကြည့်ပါဦး။ ဘယ်လောက် ဇိမ်ကျသလဲ။ သူ့ဘာသာသူ မှိန်းလို့ ။ ရှေးက ခေါမလူမျိုး တွေ ဟာ ခင်ဗျားပြောတဲ့ စက်တပ်ယာဉ်ရထားတွေ အကြောင်းကို ဘာ မှ မသိခဲ့ကြပါဘူး။ ဒါပေမဲ့ ဒီလို မကြားဖူးတဲ့ အတွက် သူတို့ မှာ စိတ်ည စ်နေလို့ လား။ မပျော်မရွှင် ဖြစ်နေလို့ လား။ စက်ယန္တရားဟာ တစ်နေ့မှာ လူတွေကို ဖိနှိပ်စိုးမိုးလာလိမ့်မယ်ဗျ။ စက်တွေကြောင့် လူ တွေဟာ တစ်ယောက်ကိုတစ် ယောက် ရန်ငြိုးတွေဖွဲ့ကြ၊ တစ်ယောက် ကိုတစ်ယောက် ပြိုင်ကြဆိုင်ကြ ဖြစ်လာကြဦးမှာ ။ ခင်ဗျားက ဘယ်လို ပဲပြောပြော ကျွန်တော့်သဘောကတော့ လယ်ထဲမှာ ပင်ပင်ပန်းပန်း ထွ န်ယက်စိုက်ပျိုးရတာ ကိုပဲ သဘောကျတယ်။ ဒီလိုလုပ်ရတာကိုပဲ သ ဘောကျတယ်။ ဒီလို လုပ်ရတာဟာ အမှန်တရားနဲ့ နီး စပ်တယ်။ ညီရင်း နောင်မယ် စိတ်ဓာတ်နဲ့ နီးစပ်တယ်'

ဘာရီသည် သူ့ကိုယ်သူ အုပ်ချုပ်ရေးကောင်စီများ ရုံးတွင် အရာရှိက လေးတစ်ဦးဖြစ်သည် ကို မေ့သွားလေပြီ။ သူသည် သူတို့ မြို့က ကလပ်တွင်း ငြင်းခုံနေသည့် ဘဝသို့ ပြန်ရောက်သွားသည် ။ ထို့ ကြောင့် လေအာဝဇ္ဇန်း ကောင်းနေသည် ။

'ကျွန်တော်တို့ ၊ ခင်ဗျားတို့ တစ်တွေဟာ တကယ်ရိုးသားစွာ ယုံကြည်ခဲ့ကြတဲ့ ဂျက်ကိုဘင် အနွယ်တွေ။ ကျွန်တော်တို့ ဂျက်ကိုဘင်တွေဟာ စက်ယန္တရားတွေကို ဆန့်ကျင်ခဲ့ကြတယ်။ ဒီမှာ လေ ဗွန်၊ ခင်ဗျားကို ကျွန်တော်ခင်ပါတယ်။ ဒါပေမဲ့ အမှန်တရားဟာ ခင်မင်မှုရဲ့ အထက်က ရှိတယ်ဗျ။ ကျွန်တော်တို့ ဂျက်ကိုဘင်တွေဟာ ခင်ဗျားရဲ့ စက်ယန္တရားတီထွင်မှုကို ဆန့်ကျင်တယ်။ ဒီတော့ ခင်ဗျားမှတ်ပုံတင်တွေ၊ ဘာတွေ သွားလုပ်နေလို့ လည်း ပိုနေမှာ ပဲ။ တော်လှန်ရေးကြီးဟာ ဘေးဒုက္ခနဲ့ တွေ့နေရတယ်။ ဒါပေမဲ့ ဒီတော်လှန်ရေးကြီး ဖျက်ဆီးပစ်လို့ တော့ ရမှာ မဟုတ်ဘူး ဗျ။ ကျွန်တော်တို့ သာ နိုင်ရင် ခင်ဗျားတို့ ရဲ့ ယန္တရားတွေ၊ မော်တော်စက်တွေကို ဖျက်ဆီးပစ်မှာ ပဲ။ အဲဒီအစား ခြံတွေ၊ ဥယျာဉ်တွေ အစိုက်ခိုင်းမယ်'

လေဗွန်က ရွှင်လန်းစွာ ပြုံးလိုက်သည် ။

'ခင်ဗျား နားမလည်ပါဘူးဗျာ။ ဘိုနာပတ်ကတော့ နားလည်မှာ ပဲ။ ဒါမှ မဟုတ်ရင် တခြား တစ်ယောက်ယောက် နားလည်တဲ့ လူတော့ ရှိမှာ ပေါ့။ တိုတိုပြောရရင်တော့ အနာဂတ်ဟာ ...'

'တော်လှန်ရေးကိုကော ခင်ဗျား မစဉ်းစားတော့ဘူးလား'

'ကျွန်တော်ဟာ လူတွေရဲ့ ကောင်းကျိုးချမ်းသာ၊ လူတွေရဲ့ ဝပြောသာယာရေးအတွက် လုပ် ဖို့ စိတ်ကူးပေါ်လာတာ။ ခုလို ကြိုးစားနေတာတွေဟာ တော်လှန်ရေး အသိတရားတွေက ပေးလိုက်လို့ ဒီလိုလုပ်နေ

တာပေါ့။ တော်လှန်ရေးရဲ့ ဝိညာဉ်ဟာ ဟောဒီ ပုံကြမ်းစာရွက်တွေထဲမှ ရှိတယ်ဗျ။ ဒီပုံကြမ်းစာရွက်တွေထဲမှာ ...'

ဘာရီသည် နောက်ထပ် ငြင်းခုံခြင်း မပြုတော့။ လေဗွန်ကို သူ ခင်မင်ရင်းစွဲ ရှိသည် ။ သူနှင့် ရန်မဖြစ်ချင်။ ဘာရီသည် သက်ပြင်းချကာ ဝိုင်တစ်ပုလင်းလောက်မော့ရန် ကဖေးဆိုင်တစ်ခုသို့ ထွက် လာခဲ့သည် ။ ထိုနေရာတွင် မူ ကိစ္စမရှိ။ သူ့ရဲဘော်ရဲဘက်များ နှင့် စိတ်တိုင်းကျ ငြင်းနိုင်သည် ။ နောက် တစ်နေ့ မနက်တွင် ဘာရီသည် ဈေးသို့သွား၍ အလေးတင်းတောင်းများကို တည်တည်ငြိမ်ငြိမ် စစ် ဆေးနိုင်သည် ။ မနေ့ညက လေဗွန်နှင့် ပြောခဲ့သော ဓာတ်ငွေ့ဖြင့်မောင်းသည့် မော်တော်ယာဉ်အကြောင်းကိုပင် သတိမရတော့။

ထိုအတောအတွင်းကား လေဗွန်သည် မှတ်ပုံတင်ရုံးရှေ့တွင် ရပ်ပြီး ဦးထုပ်မှ ဖုန်မှုန့်များကို ခါချနေသည် ။ သူ့မော်တော်စက်ယာဉ်အတွက် မှတ်ပုံတင်ရဦးမည်။ ရုံးထဲတွင် ငှက်မွေးတပ် ကလောင်တံများ သည် တဂျစ်ဂျစ်ဖြင့် အလုပ်များ နေကြသည် ။ စာရေးများ သည် ဘိုနာပတ် ပြင်သစ် ပြည်သို့ ပြန်ရောက်ကြောင်းကို တစ်ယောက်နှင့်တစ်ယောက် လေသံသဲ့သဲ့ဖြင့် ပြောနေကြသည် ။

လေဗွန်သည် ကလောင်တံများ ခြစ်သံကိုလည်း မကြား။ စာရေးတွေ တီးတိုးပြောနေသံကို လည်း သတိမပြုမိ။

သူ့စိတ်ထဲတွင် မော်တာစက်သည် ကြောက်ဖွယ်အသံဖြင့် မြည်ဟည်းနေသည် ။ သူ့မော်တော် စက်ယာဉ်သည် ရာစုနှစ်သစ် တစ်ခုဆီသို့ အပြင်းမောင်းနှင်နေသည် ။

လေဗွန်သည် သူ့စက်ယန္တရားသစ်ကို တော်လှန်ရေး အဋ္ဌမနှစ်၊ နဝမလ ၆ ရက်နေ့၊ ပြက္ခဒိန် ဟောင်း အလိုအားဖြင့် ၁၇၉၉ ခုနှစ် စက်တင်

ဘာလ ၂၈ ရက်နေ့တွင် မှတ်ပုံတင်၍ ပြီးစီးသည် ။ အင် တာနယ် ကွန်ဗ တ်ရှင်း အင်ဂျင်သုံးရန်အတွက် ဓာတ်ငွေ့တစ်မျိုးကိုလည်း တီထွင်ပြီး လေပြီ။

ဤသို့ဖြင့် ပါရီမြို့ လမ်းမများ ပေါ်တွင် ယခင်က မပေါ်ဖူးသေးသည့် ယာဉ်အသစ်တစ်မျိုး မွေးဖွားသန့်စင်ခြင်းမပြုမီ အနှစ် ၉၀ ခန့်က လူ့ လောကကြီး၏ ဝမ်းကြာတိုက်အတွင်း၌ ပထမဆုံး သော မော်တော် ကား၏ ကလလ ရေကြည်ကလေး တည်ခဲ့လေသတည်း။

* * *

(၃)

'မောင်ရေ၊ မောင်ဝယ်လာတဲ့ ရေမွှေးက သိပ်ကောင်းတာပဲနော်'

'မကောင်းဘဲ နေပ့ါမလားကွယ်။ ရာစုနှစ် ကုန်ခါနီးပြီပဲ'

'စိတ်မဆိုးနဲ့ နော် ခင်။ ခင်ရဲ့ ဆံပင်ပုံကတော့ လှပါတယ်။ ဒါပေမဲ့ ရှေ့က အကောက်တွေက ဖျက်နေတယ်ကွာ။ ဆံပင်ကောက်တာက နည်းနည်း ခေတ်တိမ်သွားပြီဆိုတော့ ...'

'အံမယ်...မောင် ဘာသိလို့ လဲ၊ နောက်ဆုံးထုတ်တဲ့ ဖက်ရှင်မဂ္ဂဇင်းကို တွေ့ပြီးပြီလား။ လူ တိုင်း ဆံပင်ကောက်နေကြတယ်ရှင့်။ မြို့စားကတော်လေးတောင် ဆံပင်ကောက်ထားသေးတယ်။ ရာစုနှစ် ကုန်ခါနီးပြီလေ'

'ဒီအကကြီးတွေကို ကိုယ်မကြိုက်ဘူး။ ကြည့်လိုက်ရင် ကိုးရိုးကားရားနဲ့ ။ ပထမတော့ ဝေါ့ဇ် ကသလိုလို။ နောက်ကျတော့ တဝုန်းဝုန်းနဲ့ မြင်းဒုန်းစိုင်းတာ ကျနေတာပဲ။ စိတ်မဆိုးနဲ့ နော်။ ကိုယ့် စိတ်မှာ တော့ သိပ်အောက်တန်းကျတယ်လို့ ထင်တာပဲ'

'အမယ်လေး...ဒီလိုမပြောနဲ့ လေ။ ရာစုနှစ် ကုန်ခါနီးပြီ'

'အနုပညာဟာ ပျက်စီးနေပြီ။ ကြည့်စမ်းပါဦးဗျာ၊ ပန်းချီပြခန်းတဲ့ ။ ပြခန်းမှာ ပန်းချီကားကို ပြရမယ့်အစား စေဇန်းဆိုတဲ့ အရူးတစ်ယောက် ဆေးစက်တွေနဲ့ လျှောက်ပက်ထားတာကို ပန်းချီ ကားတဲ့ ။ အဲဒီကား

တွေကို ပြခန်းမှာ ချိတ်နေကြတယ်။ အလင်းအမှောင်လည်း မရှိ။ ဝိညာဉ်လည်း မရှိ၊ အရောင်ခြယ်ထားပုံကလည်း နည်းနည်းလေးမှ ဆွဲဆောင်မှုမရှိ။ ဒီလိုပန်းချီကားမျိုးအကြောင်း ကို ဝေဖန်ချက်ရေးရမှာ လက်သနလှတယ်။ ပြီးတော့ ကဗျာကိုလည်း ကြည့်စမ်းပါဦး။ ပါရမီရှင်သစ် တွေတဲ့ ဗျ။ သူတို့ နာမည်ကို ခင်ဗျား ကြားဖူးရဲ့ လား။ စတီဖင်မာလာမေတဲ့ ဗျ။ တချို့ လူကြွားတွေက တော့ မာလာမေဆိုတာ ရှေးခေတ်က ဂန္ထဝင်ကဗျာဆရာကြီးတွေထက်တောင် သာသတဲ့ ။ သူ့ကဗျာ ကို ဖတ်ကြည့်ကြစမ်းပါဦး။ အဲ...စိတ်ကုဆရာဝန်တစ်ယောက်အဖို့ တော့ စိတ်ဝင်စားစရာကောင်း လိမ့်မယ်။ သူ့ကဗျာပေါင်းချုပ် စာအုပ်နဲ့ အမည်ကိုလည်း ကြည့်ဦးလေ။ 'အဓိပ္ပာယ်များ ၏ လှည့် လည်သွားလာမှုများ ' တဲ့ ။ ပြီးပါပြီဗျာ။ အနုပညာလောကကြီးကတော့ ပျက်ပါပြီ”

'ကျွန်တော်တော့ ဒီလိုမထင်ဘူး။ ဘာပဲဖြစ်ဖြစ် ရာစုနှစ် ကုန်ခါနီးပြီ လေ”

'နေစမ်းပါဦး။ နိုင်ငံရေးခေါင်းဆောင်လုပ်နေပြီးတော့ ကလီမင်ဆောက ဘာတွေလုပ်နေတာ လဲ။ အနာတိုးလ်ဖရန့်ကကော ဒရေးဖတ်စ်အမှုက တရားခံတွေကို ထောက်ခံနေသတဲ့ လား။ ဒရေး ဖတ်စ်အမှုစစ်ပုံဟာ တရားရုံးအမှုစစ်ပုံနဲ့ မတူတော့ဘူးဗျ။ ဥရောပ အရှုပ်တော်ပုံကြီးတစ်ခုနဲ့ တူနေ ပြီ။ ဘာမဟုတ်တဲ့ ဒရေးဖတ်စ်ဆိုတဲ့ အရာရှိပေါက်စကလေး တစ်ယောက်ကြောင့် လူသန်းပေါင်းများ စွာ ကသောင်းကနင်းဖြစ်ရတယ် ဆိုတာကတော့ ဘယ်ကောင်းမလဲ'

'ရှုးသွပ်မှုတွေ၊ နောက်ဆုံးပေါ် ရှုးသွပ်မှုတွေ'

'မီလာရန်းက ပါရီ ဘုံအဖွဲ့သစ်တစ်ခုကို ထောင်ဦးမလို့ ဆို။ မနေ့ကပဲ သူတို့ ဆန္ဒပြပွဲလုပ်တာ ကို တွေ့လိုက်သေးတယ်။ ဟို သူခိုးဓားပြ ယူ

ဂျင်းပေါတဲယား စပ်တဲ့ အင်တာနေရှင်နယ်သီချင်းကို ဆိုလို့ ။ တကယ့်ပရမ်းပတာ လူအုပ်တွေ။ သူတို့ အထဲမှာ တော်တော်အန္တရာယ်ကြီးတဲ့ လူတစ်ယောက် လည်း ပါတယ်။ အဲဒီလူက ရာတိုးဗရိုင်းယန်းလေ။ အစိုးရကလည်း ဘာမဟုတ်တဲ့ ပြပွဲတွေကို လျှောက်လုပ်နေတယ်ဗျာ။ အရေးကြီးတာက အဲဒီလူအုပ်တွေကို နှိမ်နင်းဖို့ လိုတယ်ဗျ။ နှိမ်နင်းရင် ကျွန်တော်လည်း ပါမယ်'

'မိတ်ဆွေကြီးကလည်း ဗျာ။ နည်းနည်း ချဲ့ကားလွန်းနေပြီ။ အဲဒီလူတွေက လူဆိုးဓားပြတွေ မဟုတ်ပါဘူး။ ရိုးကျကျ ဝတ်တတ်တဲ့ စတိုင်သမားတွေပါ။ ဒီအချိန်တော့ သူတို့ တစ်တွေ သောင်း ကျန်းကြဦးမှာ ပေါ့။ ပြီးတော့ ငြိမ်သွားမှာ ပါ'

'နေစမ်းပါဦးဗျ။ အီတလီရိပ်သာ လမ်းမကြီးပေါ်မှာ တကယ့်မော်တော်ကားကို မြင်ခဲ့တယ် မဟုတ်လား'

'မြင်ခဲ့ပါ့ဗျာ၊ ၄ စီးတောင်'

'၁၁ စီးပါဗျ'

'မော်တော်ကားပြခန်း ဖွင့်ထားတယ် မဟုတ်လား'

'ကမ္ဘာကြီးတောင် ပျက်စီးလုနီးပြီဗျ'

'ဘာလို့ ပျက်ရမှာ လဲ၊ ၁၉ ရာစုနှစ် ကုန်ခါနီးပြီလေ'

ပါရီမြို့ကြီးသည် ပြက္ခဒိန်မှ ဂဏန်းများကို လှောင်ပြောင်သရော်သောအကြည့်ဖြင့် ကြည့်နေ သည် ။ နောက်ရာစုနှစ်တစ်ခု ဆိုပါကလား ။ ပါရီသည် အရမ်းကာရော ပေါက်ကွဲမှုမျိုး သို့မဟုတ် ပြင်း ထန်သောခါးသီးမှုမျိုးကို လုပ်ရန် အားမရှိတော့။ ပါရီသည် ရုရှား ဇာဘုရင်၏ ကော့ဆက်တပ်များ ကို မြင်ခဲ့ဖူးပြီ။ အီတလီ စစ်သူကြီး ဂါရီဘော်ဒီ၏ ရှ

ပ်အင်္ဂျီကိုလည်း မြင်ခဲ့ဖူးပြီ။ မူဆေး၏ သဲမြေ ရောင် ဖော့ဦးထုပ်ကိုလည်း မြင်ခဲ့ဖူးပြီ။ ပါရီ ဘုံအဖွဲ့ကာလ၏ အလောင်းများကိုလည်း မြင်ခဲ့ဖူးပြီ။ ရာဇဝင်ဆရာ သိုင်းယားစ်နှင့် ရာဘက်ကိုးလ်ကိုလည်း မြင်ခဲ့ဖူးပြီ။ အယ်လက်ဇန်းဒါး ဒူးမားစ်နှင့် ရှားဘုရင်ကိုလည်း မြင်ခဲ့ဖူးပြီ။ မြို့ကို အဝိုင်းခံခဲ့ရစဉ်က ဆင်သားကို စားခဲ့ကြရပြီး ကလေးငယ်တို့ ၏ မျက်ရည်များကိုလည်း တွေ့ခဲ့ဖူးပြီ။

ပါရီသည် အရာအားလုံးကို မြင်ခဲ့ဖူးပြီ။

ငြီးငွေ့ဖွယ်ကောင်းသော ထိုအရာများ အပြင် နောက်ထပ် အခြား ဘာများ မြင်ဖူး တွေ့ဖူးစရာ ရှိသေးသနည်း။

သမ္မတနိုင်ငံကြီး မွေးဖွားခဲ့သည် မှာ အနှစ် ၃၀ ရှိပြီ။ သူငယ်နှပ်စားအရွယ်က မြူးထူး သောင်းကျန်းခဲ့သည် တို့ ကို မေ့ခဲ့သည် မှာ ပင် ကြာလှပြီ။ ယခု ကိုယ့်အိမ်နှင့်ကိုယ်၊ ကိုယ့်မိသားစုနှင့် ကိုယ် အခြေတကျရှိနေပြီ။ အရေးရှိလျှင် ရုရှားဇာဘုရင်သည် ကူညီစောင့်ရှောက်လိမ့်မည်။ ဇာဘုရင် ဘုန်းကြီးပါစေ၊ အကျိုးအမြတ်များများ ရပါစေ။

အချို့က ပြင်သစ်ပြည်ကြီးသည် စက်ယန္တရားတို့ ၏ အင်ပါယာနိုင်ငံတော်ကြီး ဖြစ်လိမ့်မည်ဟု ပြောကြသည် ။ သို့ရာတွင် စက်ယန္တရားသည် ကောင်းကျိုးကိုလည်း ဆောင်မည်မဟုတ်၊ ဆိုးကျိုးကို လည်း ပေးမည်မဟုတ်။ ခြေအိတ်နှင့်အမြောက်တွေကလည်း ဈေးပေါသည် ။ ပို၍ ဈေးပေါလာသည် ။

နေရေးထိုင်ရေးကလည်း ပို၍ ဈေးပေါလာသည် ။ ဥစ္စာရှာရသည်ကလည်း လွယ်ကူလာသည် ။ သို့ရာ တွင် နိုင်ငံတော်ကို အုပ်ချုပ်ဖို့ ကား ပို၍ ခက်လာသည် ။

ဈေးပေါလာသည် နှင့်အမျှ လူတွေက အပြောင်းအလဲကို

လိုလားနေကြသည် ။

ဆံပင်ရှည်ရှည်နှင့် ကောင်လေးတွေက ခေတ်ပြောင်းတော်လှန်ရေးဟု အော်လျှင် ကြိုက်သ လောက် အော်ပါစေ။ အသက် ၄၀ လောက်ရောက်လျှင် သူတို့ အားလုံးသည် ဝန်ကြီးများ မဟုတ်သည့် တိုင် တရားရုံးရှေ့နေ သို့မဟုတ် တရားမဝင် အရက်ချက်ရုံပိုင်ရှင်၊ သို့မဟုတ် ဘူဇွာက လေးများ ဖြစ် သွားကြလိမ့်မည်။ ဘာမျှ စိုးရိမ်စရာမလို။

ယနေ့ ဒေါသထွက်နေသော ပရိသတ်များက ပန်းချီဆရာပေါက်စတစ်ယောက်၏ ပန်းချီကား ကို ကြက်ဥပုပ်နှင့် ပေါက်ကောင်း ပေါက်မည်။ သို့ရာတွင် မနက်ဖြန်တွင် ထိုကားကို လူဇင်ဗတ် ပြတိုက်ကြီးက ဈေးကြီးပေး၍ ဝယ်သွားကောင်း ဝယ်သွားလိမ့်မည်။ ပူစရာ မရှိ။

ဘဝသည် စနစ်တကျ တည်ငြိမ်စွာ စီးဆင်းနေသည် ။

ကလေးများက မွန်ဆောပန်းခြံထဲတွင် ကစားနေကြသည် ။ သူတို့သည် စစ်တိုက်တမ်း ကစား နေကြခြင်းဖြစ်သည် ။ သူတို့ အနီးတွင် သစ်သားဓားရှည်များ ၊ အလံများ ၊ ဘင်ငယ်ကလေးများ ရှိ သည် ။ နောက် ၁၅ နှစ်အကြာတွင် သူတို့ သည် ဗုံးခိုကျင်းထဲဆင်းကာ ကိုးရိုးကားရားဓာတ်ငွေ့ကာ မျက်နှာဖုံးကြီးတွေကို တပ်ထားကြလိမ့်မည်။ သို့ရာတွင် ယခုမူ သူတို့ သည် ကလေးငယ်တွေ။ သူတို့ ဘင်ခရာကလေးတွေတီးမှုတ်ပြီး စစ်တိုက်တမ်း ကစားလျက်။ ၁၉ ရာစုနှစ်သည် သူ၏ နောက်ဆုံး နေ့များကို ငြိမ်းချမ်းစွာ ကုန်ဆုံးစေလျက်။ သူ့ကို ဘယ်သူကမှ အတင်းတွန်းထိုးနေခြင်းမရှိ။ ၁၉ ရာစုနှစ်သည် မိသားစု ဓာတ်ပုံအယ်လ်ဘမ်ကို လှန်လှောကာ မုန့်တိုင်းဆန်သော သူ့လူရွယ်ဘဝက အကြောင်းကို ပြောချင်သည် ဆိုလျှင် ပြောပါစေ။

သို့ရာတွင် မြင်းမပါသည့် ရထားကိုကား အစောင့်ခိုင်းထား၍ မရ

တော့။ မြင်းမပါသည့် ရထားသည် ဆူညံမြည်ဟည်းသောအသံကို ပြု ကာ တိတ်ဆိတ်နေသော ပါရီ ရိပ်သာလမ်းမကြီးများ တစ်လျှောက်တွင် ခုန်ပေါက်ပြေးထွက်သွားသည် ။ မြင်းအိုကြီးများက လန့်ဖျပ်ပြီး ပတတ် ရပ်ကြသည် ။ ကြောက်လန့်နေသော အမျိုးသမီးများက သူတို့ လက်ကို င်အိတ်ထဲမှ ရှူဆေးဘူးကို ထုတ်ပြီး ရှူကြသည် ။ လမ်းမများ ပေါ်တွင် တစ်ခါတလေမှ သာ ပေါ်လာတတ်သည့် မော်တော်ကားသည် သားပိုက် ကောင် ခုန်သလို ခုန်သွား၏။ ဂျမ်းဖြစ်၍ ရပ်သွားပြီးနောက် ဝုန်းခနဲ တ စ်ချက် ရှေ့သို့ ခုန်သွားပြန်၏။ ထို့နောက် ဂျမ်းဖြစ်ပြီး ရပ်သွားပြန်သည် ။ လမ်းမများ တွင် ကြောက်စရာအနံ့တွေ ဖုံးနေတော့သည် ။

စက်သံကလည်း မိုးဦးတွင် ထစ်ချုန်းသည့် ဂျိုးဂျိုးဂျိမ့်ဂျိမ့် မိုးချုန်းသံ ထက်ပင် ကျယ်လောင် မြည်ဟည်းလိမ့်မည် ထင်သည် ။ မော်တော်ကား သည် သာမန်ယာဉ်ကလေး တစ်ခု။ သို့ရာတွင် မြင်း တွေကို စက်မတပ် ရတော့။ လျှို့ဝှက်သည့် စက်မြည်သံက စေခိုင်းသည့်အခါတွင် ထိုယာဉ် ငယ် ကလေးများ သည် ကြောက်ရွံ့ထိတ်လန့်နေသော ပါရီလမ်းမကြီးများ ပေါ်တွင် တရှောင်းရှောင်း ပြေး သွားနေကြသည် ။

မော်တော်ကားကို မြင်လျှင် ရယ်ဖို့ ကောင်းသည် ။ ဘယ်လိုပစ္စည်းမျိုးပါလိမ့်။ ကြည့်ပါဦး။ ယခုမောင်းနေပေမဲ့ ခဏနေလျှ င် စက်က ပျက်သွားပြီး ကားက ရပ်သွားပြန်ရော။ သည် အခါကျ တော့ ကိုရွှေဒရိုင်ဘာသည် မြင်းလှည်းကို သွားရှာပြီး ကားပျက်ကို ဆွဲရပြန် ရော။ ပြီးတော့ ကားပုံက အရုပ်ကလည်း ဆိုးလိုက်သေးတယ်။ နည်းန ည်းလေးမှ ကြည့်လို့ မကောင်း။ သူ့ထက်စာရင် မြင်း ကောင်းကောင်း တွေကို မွေးထားတာကမှ စိတ်ချရဦးမည်။

လူတွေက မော်တော်ကားကိုကြည့်ပြီး ရယ်ကြသည် ။ သို့ရာတွင် အ

ရုပ်ဆိုးသော ထိုမော်တော် ကားသည် သူတို့ ကို တစ်စက်ကလေးမျှ အေးအေးနေခွင့်မပေး။ သည် တုန်းက ကဖေးဆိုင်များ ၊ ပြဇာတ်များ တွင် အဆိုတော်တွေက ဘယ်လိုသီချင်းမျိုးကို ဆိုကြပါလိမ့်။

ဘယ်သီချင်းမျိုး ဖြစ်ရဦးမှာ လဲ။ မော်တော်ကားအကြောင်းပဲပေါ့။

'ပျော်ပျော်ပါးပါး မော်တော်ကားနဲ့ လည် ...

အဖော်များ နဲ့ ပျော်သလား မောင်ရယ် ...'

အကသင်ဆရာများက သွေးအားနည်းသည့် သင်တန်းသူ မင်းသမီးလောင်းကလေးများကို ကကြိုးသစ်တွေ သင်ပေးသည် ။ မော်တော်ကားနဲ့ လေညင်းခံ အကတဲ့ ။ မော်တော်ကားကြီး ချာချာ လည် အကတဲ့ ။ စာရေးဆရာကလေးတစ်ယောက်က သူ့ဇာတ်လိုက်ကို ခပ်ဆန်းဆန်းဖြင့် သတ်သေ ရန် စိတ်ကူးသည် ။ 'မော်တော်ကား ဘီးအောက်ကို ပို့လိုက်ရင် ကိစ္စပြတ်ရောပေါ့ကွာ' ဟု စာရေး ဆရာကြီးကိုပေးက အကြံပေးသည် ။ မဂ္ဂဇင်းတစ်စောင်က မော်တော်ကား ပုံစံသစ်တစ်ခု ထုတ်လုပ် ရန် ပြိုင်ပွဲကျင်းပသည် ။ 'မြင်းမရှိလျှင် ရထားကို ဘာကြောင့် စီးတော့မည်နည်း'ဟု ကြော်ငြာ သည် ။ မော်တော်ကားလောက်နှင့် မကျေနပ်သဖြင့် မွန်စီစယာမီးလ်ဆိုသူတစ်ဦးက ပုံဆွဲထားသည် ။ လူက ခြင်းတောင်းကြီးထဲတွင် ထိုင်လိုက်ပြီး ငန်းရုပ်ကြီးကို သံကြိုးဖြင့် ထိန်းပြီး ပဲ့ကိုင်ပေးရသည် ။

မွန်စီယာပန်းဟတ်နှင့် လီဗာဆိုးတို့ က မော်တော်ကားစက်ရုံတစ်ခု ထောင်သည် ။ သူတို့ သည် ဂျာမန်အင်ဂျင်နီယာ ဒိန်းလား၏ အင်ဂျင်စက်ပုံစံကို အတုယူကာ အင်တာနယ်ကွန်ဗတ်ရှင်း အင် ဂျင်စက်ကို ထုတ်လုပ်ကြသည် ။ နောက်ဆုံးကားပြိုင်ပွဲတွင် ပန်းဟတ်ထုတ်လုပ်သည့် ကားက ပါရီ နှင့် မာဆေးကို ၆၇ နာရီအရောက်ဖြင့် မောင်းပြခဲ့သည် ။

သူ့ကားသည် ရာသီဥတုနှင့် လမ်းပန်း ကောင်းမွန်လျှင် တစ်နာရီကို ကီလိုမီတာ ၄၀ အထိ မောင်းနိုင်လာသည် ။ သတင်းစာဆရာများက သူ့မော်တော်ကားကို ‘ငရဲသို့ ဒုန်းစိုင်းသည် ’ ဟု ရေးကြသည် ။ မြူနီစီပယ် အာဏာပိုင်များ သည် မော် တော်ကားများကြောင့် စိတ်ညစ်ကြရသည် ။ အမိန့်တွေ ထုတ်ပြန်ရသည် ။ မြို့တွင်းတွင် မော်တော် ကားဟု ခေါ်သော ယာဉ်များ သည် တစ်နာရီလျှင် ၃ ကီလိုမီတာထက် ပိုမမောင်းရ။

ထိုစဉ်က မော်တော်ကားတွေ သည် လောက်မများ ခြင်းမှာ ကံကောင်းသည် ဟု ဆိုရလိမ့်မည်။ ပန်းဟတ်နှင့် လီဗာဆိုးတို့ ၏ မော်တော်ကား စက်ရုံသည် ဝပ်ရှော့ကလေးတစ်ခုသာ ဖြစ်သည် ။ အလုပ်အကိုင်ဖြင့် ခရီးသွားရန် မည်သူမျှ မော်တော်ကား ဝယ်မစီးကြ။ မော်တော်ကားဖြင့် အပျော် ခရီးထွက်သည် ထက် မြင်းရထားကလေးဖြင့် သွားရသည် က ပို၍ ပျော်စရာကောင်းသည် ။ မော်တော် ကားစီးဖို့ အတွက် လူငယ်တို့ ၏ ရဲစွမ်းသတ္တိမျိုး လိုသည် ။ ကိုယ့်အသက်ကို မနှမြောဖို့ လိုသည် ။ မြောက်ဝင်ရိုးစွန်းသို့ မသွားဖြစ်သူ၊ သို့မဟုတ် အလစကာသို့ ရွှေတူးမသွားဖြစ်သူတို့ သာလျှင် မော် တော်ကားကို စိတ်ဝင်စားကြသည် ။

အများကောင်းကျိုးကို ဆောင်ရွက်မည်ဆိုသည့် စိတ်ကူးမျှော်မှန်းချက်တို့ ကို မေ့ပျောက်သွား ကြလေပြီ။ သို့ရာတွင် စိတ်ကူးယဉ်တတ်သော ဆန္ဒမျိုးကား လူများ ၏ စိတ်ထဲတွင် ရှိနေသေးသည် ။

ပန်းဟတ်နှင့် လီဗာဆိုးတို့ သည် ဆူညံသော အသံကိုပြု၍ ထိတ်လန့်စဖွယ်တို့ ဖြင့် ပြည့်နှက် နေသော ပုံဆိုးပန်းဆိုးစက်တစ်မျိုးကို ဆက်လက် ထုတ်လုပ်နေကြဆဲဖြစ်သည် ။

မြင်းများက လန့်ဖျပ်ကုန်ကြသည် ။ သတင်းစာဆရာများက

လှောင်ပြောင်ကြသည် ။ တော် တော်အရုပ်ဆိုးသည့်ပစ္စည်းဟု ဆိုကြသည် ။ သို့ရာတွင် မော်တော်ကားသည် တဖြည်းဖြည်းဖြင့် အရာ ဝင်စ ပြုလာလေပြီ။ စာရေးဆရာ အင်မလီဇိုလာသည် အန္တရာယ်ကိုမကြောက်နိုင်ဘဲ မြင်းမပါသည့် ထိုရထားကို တက်မောင်းသည် ။ မြင်းမပါသည့် ရထားသည် ကြောက်မက်ဖွယ် တုန်နေသည် ။ သို့တိုင် ဇိုလာသည် ထိုမြင်းမပါသည့်ရထားကို မာဆေးသို့ရောက်အောင် မောင်းခဲ့လေသည် ။ မော်တော်ယာဉ် ကလပ် ဥက္ကဋ္ဌက ဇိုလာအား 'အမြင်မှန်ရလာသော ကျွန်တော်တို့ ခေတ်ပြိုင်တစ်ဦး'ဟု ချီးကျူး ထောမနာပြုသည် ။

ဇိုလာမှာ ဆံပင်တွေ ဖြူနေလေပြီ။ သို့ရာတွင် သူသည် သူ့ခေတ်ထက် ပို၍ နုပျိုနေသည် ။ ဇို လာသည် ပန်းနာရောဂါကြောင့် ပါးစပ်ဟ၍ အသက်ကို အနိုင်နိုင် ရှူရာမှ ရာစုနှစ်သစ်ထဲကို ချောင်း ကြည့်သည် ။ သူ့ကလောင်ရဲဘော်များက ကွန်စတင်တီနိုပယ်မှ ကိုယ်လုပ်တော်များအကြောင်း၊ ဖလောင့်ရင့်နယ် ရှေးဟောင်းအဆောက်အအုံတွေကြားက အချစ်ဇာတ်လမ်းတွေအကြောင်း၊ ရည်း စားပစ်ခံရသည့် တောသူကမလေး၏ မျက်ရည်စများ အကြောင်းကို ရေးဖွဲ့နေကြစဉ် ဇိုလာသည် အခြားအရာများ ဖြင့် အလုပ်ရှုပ်နေသည် ။ ဇိုလာသည် စတော့ဈေးကွက် အရောင်းဒိုင်မှ ဆူညံသံများ ကို နားထောင်သည် ။

ကျောက်မီးသွေးတွင်း အလုပ်သမားများ ၏ ပေါက်ပြားသံကို သူ နားထောင်သည် ။ စက်ယန္တ ရားများ ၏ တဂျုန်းဂျုန်း မြည်သံကို သူနားစိုက်သည် ။ သူ့အဖို့ ပါရီမှ မာဆေးသို့ မော်တော်ကားဖြင့် သွားရခြင်းသည် စွန့်စားရသော ပျော်ပွဲစားတစ်ခု သက်သက်မျှမဟုတ်။ ၂၀ ရာစုနှစ်ထဲသို့ ကင်း ထောက်ထွက်ရခြင်းလည်း ဖြစ်သည် ။

ဇိုလာက ပြုံး၍ ကလပ်ဥက္ကဋ္ဌ၏ စကားကို ပြန်ကြားသည် ။

'အနာဂတ်ကို မော်တော်ကားတွေ ပိုင်တယ်။ ဒီအချက်ကို ကျွန်တော် ယုံတယ်။ ဒါပေမဲ့ လော လောဆယ်မှာ တော့ ခုတီထွင်လိုက်တဲ့ မော်တော်ကားဟာ ဘယ်လောက် အရေးကြီးလာမလဲ ဆိုတာကို ပြောဖို့ ခက်သေးတယ်။ အကွာအဝေးတွေဟာ ကျုံ့ဝင်သွားကြလိမ့်မယ်။ ဒီနည်းအားဖြင့် မော်တော်ကားဟာ ယဉ်ကျေးမှုနဲ့ ငြိမ်းချမ်းရေးကို အသစ်ယူဆောင်လာသူ ဖြစ်လာလိမ့်မယ်။ အချုပ်အားဖြင့်တော့ မော်တော်ကားဟာ လူ့လောကရဲ့ စီးပွားချမ်းသာကို မုချ ဆောင်ကြဉ်းပေးမှာ ဖြစ်တယ်'

၁၇၈၉ ခုနှစ်တုန်းက ဖီလစ်လေဗွန်သည် လူ့လောကအများ စုကြီး၏ ကောင်းကျိုးချမ်းသာ အတွက် အိပ်မက်မက်ခဲ့ဖူးသည် ။ ယခု ၁၈၉၈ ခုနှစ်တွင် မူ အင်မလီဇိုလာသည် ပါရီနှင့် မာဆေးကို မော်တော်ကားမောင်းပြခဲ့ပြီးပြီ။ ဇိုလာက လူ့လောကကြီး၏ စီးပွားချမ်းသာအကြောင်းကို ပြောသွား ခဲ့သည် ။ ထိုစဉ်ကမူ မော်တော်ကားသည် ချောင်းတဟွတ်ဟွတ်ဆိုး၍ ညည်းညူနေဆဲ။ သူ့အနံ့က လည်း နံစော်နေဆဲ။

* * * * *

မွန်စီယာဟေးသည် အင်မလီဇိုလာ မဟုတ်။ သူသည် ဇိုလာလို ထင်ရှားသော စာရေးဆရာ ကြီးလည်း မဟုတ်။ ဒရေးဖတ်စ် အမှုကိစ္စတွင် ပေါ်ပေါက်လာသည့် သူရဲကောင်းလည်း မဟုတ်။

သူသည် သာမန် ရှေ့နေကလေးတစ်ဦးသာ ဖြစ်သည် ။ သူသည် ပေါ်တီယ ားမြို့မှာ နေသည် ။ သန့်ရှင်း၍ ပျင်းစရာကောင်းသည့် ပေါ်တီယားမြို့ကလေးမှာ နေသည် ။

ပေါ်တီယားမြို့ကလေးသည် သျှင်ရဒီဂုနေ၏ စွယ်တော် ကိန်းဝပ်ရာ

နှင့် သူဆင်းရဲဂေဟာ ဒဇခုရှိသည့် မြို့ကလေးဖြစ်သည် ။ ပေါ်တီယားသ ည် ကြွက်တွေရော လူတွေပါ စောစောစီးစီး အိပ် တန်းတက်သည့် မြို့က လေးဖြစ်သည် ။ ပေါ်တီယားသည် ဇာတ်ပွဲ ကြည့်သည် ကိုပင် အလဇ္ဇီအ ကျင့်ဟု ပြောစမှတ်ပြုသည့် မြို့ကလေးဖြစ်သည် ။

သို့ရာတွင် မွန်စီယာဟေးသည် ခေတ်မီသူဖြစ်ပါသည် ။ သူသည် ပါ ရီသို့ ရောက်ဖူးသည် ။ မြင်းမပါသော ရထားများကို မြင်ဖူးသည် ။ ထို့ နောက်မှ စ၍ မွန်စီယာဟေးသည် ကိုယ်ပိုင်ကား ဝယ်စီးမည်ဆိုသည့် တစ်ကောင်တည်းသော ထမင်းလုံးတစ္ဆေ ခြောက်လှန့်ခြင်းကို ခံခဲ့ရသူဖြ စ်သည် ။ မော်တော်ကားသည် လေပွေတစ်ခုလို သူ့အနီးမှ ရွှတ်ခနဲ ဖြတ် သန်းသွားခဲ့သည် ။ သူလည်း မော်တော်ကားဖြင့် ရွှတ်ခနဲ မောင်းသွားချ င်သည် ။ ယခုဆိုလျှင် ကိုယ်ပိုင်ကားကလေးတစ်စီး ဝယ်နိုင်အောင် အချိ န် သိပ်မစောင့်ရတော့ပြီ။

'မော်တော်ကားဆိုတာ ကလေးကစားစရာပဲဗျ။ ပြီးတော့ အန္တရာယ် ကလည်း ကြီးပါဘိ သနဲ့ 'ဟု မိတ်ဆွေများက ပြောကြသည် ။

သို့ရာတွင် မွန်စီယာဟေး ဂရုမစိုက်။ မော်တော်ကားတစ်စီးတော့ ဝ ယ်မှ ဖြစ်မည်။

မော်တော်ကားဆိုသည် မှာ ဈေးကြီးသည် ။ သူ့တွင် မိုးရွာသော နေ့ များ အတွက် စုဆောင်း ထားသည့် ငွေကလေးရှိသည် ။ သို့ဖြင့် သူသည် ထိုစုငွေကလေးနှင့် ခွဲလိုက်ရသည် ။ အဘယ်ကြောင့် စောင့်ဆိုင်းနေဦးမ ည်နည်း။

မိုးရွာသောနေ့ဆိုသည် မှာ ကောင်းကင်ပြာထဲက ပေါ်ချင်ပေါ်လာနိုင် သည် ။ သူ ကားဝယ်မည် ဆိုသည့်အခါတွင် သူဆင်းရဲဂေဟာ ဒဇခုမှ ဆ င်းရဲသားတို့ သည် ကြောက်လန့်ကာ ဘုရားစာရွတ်သူ ရွတ်ကြသည် ။ ပု

န်းသူ ပုန်းကြသည် ။ ပေါ်တီယား မြို့တော်ဝန်က အရေးပေါ်အမိန့်တစ်ခုကို ချက် ချင်းထုတ်ပြန်သည် ။ သူ့မိတ်ဆွေများက ရူးသွပ်သွားသော မွန်စီယာပဟေးကို ကားမဝယ်ဖို့ ဖျောင်းဖျကြသည် ။

'မေပွန်းရွာနားမှာ မော်တော်ကားတစ်စီးကို နွားမအုပ်က ဝင်တိုးလို့တဲ့ ။ ကားပိုင်ရှင် ကံ ကောင်းလို့ မသေတာဆိုပဲ။ ထရေးရွာနားမှာ လည်း နွားသိုးတစ်ကောင်က မော်တော်ကားကို လိုက် ဝှေ့လို့ ကားသမားရေမြောင်းထဲ ဆင်းပုန်းနေရသတဲ့ ဗျ။ မြောင်းထဲကလည်း ရေတွေပြည့်နေလို့ ရွာ သားတွေက မနည်း ဆယ်ယူရသတဲ့ '

မွန်စီယာပဟေးသည် ထိုစကားများကို နားတစ်ဖက်ဖြင့်သာ ထောင်သည် ။ သူ့ကို မည်သူမျှ တား၍ မရတော့ပြီ။

ရာသီဥတုသာယာသည့် ဧပြီလတစ်ရက်တွင် မွန်စီယာပဟေးနှင့် သူ့ဇနီးတို့ သည် မော်တော် ကားဝယ်ပြီး သူတို့ မြို့ကလေးသို့ ပြန်လာခဲ့ကြသည် ။ မော်တော်ကားသည် တစ်ဟု န်ထိုး ပြေးလာခဲ့ သည် ။ တစ်နာရီလျှင် ကီလိုမီတာ ၃၀ ခန့် ရှိပေလိမ့်မည်။

အင်ဂျင်စက်သည် တဂျုန်းဂျုန်းမြည်ကာ အားကုန်ထုတ်၍ မော်တော်ကားကလေးကို သယ် ဆောင်လာခဲ့သည် ။ မော်တော်ကားက အသစ်စက်စက်ဖြစ်ပြီး ကားဘီးမှာ အရောင်တလက်လက် ထွက်နေသည် ။ သို့ရာတွင် မွန်စီယာပဟေး၏ နှလုံးသားထဲတွင် ကိန်းဝပ်နေသော ရက်စက်သည့် ပျော် ရွှင်မှုသည် ကမ္ဘာကြီးကဲ့သို့ပင် အိုမင်းလှလေပြီ။

မွန်စီယာပဟေးသည် သေမင်းဆီသို့ ကားကို အပြင်းမောင်းနေခြင်းသာ ဖြစ်သည် ။ မတ် စောက်သည့် ကုန်းဆင်းတွင် ဘရိတ်ပေါက်သွားကာ လင်မယားနှစ်ယောက်စလုံး ကားဘီးအောက်သို့ ရောက်သွားခဲ့ကြသည် ။

လယ်သမားများ သည် သူတို့ လင်မယားအလောင်းကို ခပ်လှမ်းလှမ်းမှ မရဲတရဲ ကြည့်နေကြ သည် ။ သူတို့ သည် ကြောက်စရာ ကောင်းသော မော်တော်ကားအနားသို့ မကပ်ရဲဘဲ ဖြစ်နေကြသည် ။

မွန်စီယာပေးအတွက် မည်သည့်အထိမ်းအမှတ် ကျောက်တိုင်မှ စိုက်ထူခြင်းမရှိပါ။ သူသည် မော်တော်ကားကို တီထွင်သူမဟုတ်ပါ။ သူလုပ်သည် မှာ မော်တော်ကားတစ်စီး ဝယ်ပြီး သူ့ ဇနီးနှင့်အတူ တောလမ်း တစ်လျှောက် ကားလျှောက်မောင်းခြင်းမျှသာ ဖြစ်သည် ။

ဇိုလာသည် ထိုစိတ်မချမ်းမြေ့ဖွယ် သတင်းကို သတင်းစာထဲတွင် ဖတ်လိုက်ရသည် ။ သို့ရာ တွင် ဇိုလာသည် သတင်းစာဆရာများ လို မော်တော်ကားကို ကျိန်ဆဲခြင်းမပြုပါ။ သူ့အယူအဆမှာ ရှင်းပါသည် ။ မော်တော်ကားကို သည့်ထက်ကောင်းတဲ့ ဘရိတ်တွေ တပ်ရမှာ ပေါ့ဟု သာ သူပြော သည် ။

နောင်အနှစ် ၃၀ အတွင်းတွင် ပျော်ရွှင်ကြသော ကလေး၊ မြေးငယ်များ သည် ကားတိုက်မှု၊ ကားမှောက်မှုများ အကြောင်းကို ကြားကာ အံ့သြနေသည် ။ စီးပွားချမ်းသာမှုကတော့ တိုးတက်ခြင်း မရှိသေး။ သို့ရာတွင် မော်တော်ကားကြောင့် စည်းစိမ်တိုးကာ ရွှေမိုးငွေမိုးကတော့ ရွာရမည်မုချဟု သူ တွက်သည် ။

ဇိုလာသည် ရာစုနှစ်သစ်၏ လူသား ဖြစ်သည် ။ ၂၀ ရာစုနှစ်၏ လူသားဖြစ်သည် ။ ထို့ကြောင့်အကောင်းမြင်ဝါဒသမားတစ်ဦး ဖြစ်သည် ။

* * *